လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

Network for Human Rights Documentation - Burma
ND - Burma

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအထိ

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအပေါ် သုံးသပ်ချက်

www.nd-burma.org

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)

office@nd-burma.org
www.nd-burma.org

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ND–Burma ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက် ယူပေးခဲ့သော ကွင်းဆင်း သတင်းကောက်ယူသူအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ND–Burma အဖွဲ့ဝင်များနှင့် ၎င်းတို့၏လုံခြုံရေးကို ပဓာနမထားပဲ လူ့အခွင့်အရေးချိုးဖောက်မှု သက်သေအထောက်အထားများအား ကြိုးပမ်းစုဆောင်းပေးမှု မရှိဘဲနှင့် ယခုအစီရင်ခံစာ ဖြစ်မြောက်လာမည် မဟုတ်ပါ။ ယခုအစီရင်ခံစာပါ ကျူးလွန်ခံရသူများ၏ သတိပေးချက်အရ မြန်မာပြည်ငြိမ်းချမ်းရေးရရှိရန်မှာ ဝေးကွာနေသေးသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် ကြံ့ကြံ့ခံရပ်တည်ကာ အပြောင်းအလဲအတွက် မျှော်လင့်ချက်အား ယုတ်လျော့စေသူများကို ဆန့်ကျင်၍ အမှန်တရားအတွက် ထုတ်ဖော်ပြောဆိုမှုက လှုံ့ဆော်မှုကို ဖြစ်စေသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ပါသည်။

# အသုံးပြုသော အတိုကောက်များ

| | |
|---|---|
| AA | ရက္ခိုင့်တပ်တော် |
| AASYC | ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး |
| AAPP | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| ARSA | အာရကန် ရိုဟင်ဂျာလွတ်မြောက်ရေးတပ်မတော် |
| CEDAW | အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် |
| EAOs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| IDPs | ပြည်တွင်းစစ်ရှောင်များ |
| ICOE | လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် |
| ICJ | နိုင်ငံတကာ တရားရုံး |
| KBC | ကချင်နှစ်ချင်းအသင်းတော် |
| KIA | ကချင်လွတ်လပ်ရေးတပ်မတော် |
| KIO | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KWAT | ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| MOTC | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| MNHRC | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် |
| NCA | တတိုင်းပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် |

| | |
|---|---|
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| RCSS–SSA | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SSPP–SSA | ရှမ်းပြည်တိုးတက်ရေးပါတီ |
| TNLA | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| TWO | တအာင်းအမျိုးသမီးအဖွဲ့အစည်း |
| TSYU | တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ |
| UN | ကုလသမဂ္ဂ |

# ND-Burma အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့်လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။ နစ်နာခဲ့သူများ၏ တရားမျှတမှုရရှိရေးအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ND-Burma တွင် အောက်ပါအဖွဲ့ဝင် ၉ ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်း ၄ ဖွဲ့ပါဝင်သည်။

## အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

၂။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP)

၃။ လူ့အခွင့်အရေး ကာကွယ် မြှင့်တင်သူများအဖွဲ့ (HRDP)

၄။ အနာဂတ်အလင်းတန်းဆုံမှတ် (FLC)

၅။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM)

၆။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)

၇။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

၈။ တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU)

၉။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

## ဆက်စပ်အဖွဲ့အစည်းများ

၁။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

၂။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် ပဲခူးအရှေ့ခြမ်း (FPPN-EB)

၃။ ပအိုဝ်းလူငယ်အဖွဲ့ (PYO)

၄။ ရှေ့ပြေးအသံအဖွဲ့ (PV)

# အချက်အလက်ကောက်ယူသည့် နည်းလမ်း

## ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma ၏ ကွင်းဆင်းအချက်အလက်ကောက် ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း တင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့် အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထင်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ် ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ဆက် သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ် ကြောင့်ဆိုသော် စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ်နေကြရန် မကြာခဏ ခြိမ်းခြောက်၊ သတိပေးနေ၍ ဖြစ်သည်။ အကယ်၍ တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသားဒေသများတွင် ကွင်းဆင်းသတင်း ကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များနှင့်အတူ တွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့်ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခန့်ရခြင်းနှင့် အကြမ်းဖက်နှိပ်စက်ခြင်း ခံရနိုင်သည်။

**မှတ်တမ်းတင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)သည် နိုင်ငံတကာ လူ့အခွင့်ရေး အန်ဂျီအိုများ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူသူများ ကို သင်တန်းပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အလန်းနှင့် အခြေအနေအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီ ရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်မှ အများဆုံးနှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ (EAOs)များမှ တချို့ ကျူးလွန်ခဲ့မှုများ ဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အချို့နှင့် ကြုံတွေ့ရသည်။ လုံခြုံရေး တင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများအား ND-Burma မှ ကွင်းဆင်းသတင်း ကောက်ယူသူများသည် စုဆောင်း၊ မှတ်တမ်းတင်နိုင် ခြင်း မရှိပါ။ လူ့အခွင့်အရေး

ချိုးဖောက်မှုများ ဖြစ်ပွားနေသည့်ဒေသ အထူးသဖြင့် တိုက်ပွဲဖြစ်ပွားရာ နေရာများကို သွားရောက်ခွင့်မပြုပဲ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည့်အတွက် ကွင်းဆင်း သတင်း ကောက်ယူသူများသည် လုံခြုံရေးအခြေအနေအရ ၎င်းဒေသများသို့ ရှောင်ကွင်း နေရသည်။

ထို့အပြင် လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာလည်း နှောင့်ယှက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် လက်စားခြေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှုရှိနေသဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေးရနေသည့်တိုင်အောင် ပြောဆိုရန်ဝန်လေးနေကြသည်။ ထို့ကြောင့် မိမိတို့၏ မှတ်တမ်းတင်ကြိုးပမ်းမှုမှာ သုတေသနပြုလုပ်သည့် ဒေသများရှိလူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံတခုချင်းစီအပေါ် ဖမ်းဆုတ်နိုင်ခြင်းမရှိပါ။ အဖွဲ့ဝင်တိုင်သည်၎င်းတို့၏ အချက်အလက်များအတွက် တာဝန်ယူမှုရှိသည်။ တူညီသည့် ဒေသတွင်အခြေစိုက်သည့် လူ့အခွင့်အရေးအဖွဲ့များရှိသဖြင့် ထိုအချက်အလက်များမှာလည်း တူညီနေနိုင်ပါသည်။ ယခုအစီရင်ခံသည့် ကာလအတွင်း ND-Burma အဖွဲ့ဝင်များကောက်ယူစု ဆောင်းသည့် မှတ်တမ်းများအား ပြောင်းလဲခြင်းမရှိ တည်မြဲစေရန် ထိန်းသိမ်းဆောင်ရွက်ပါသည်။

မည်သည့်အခက်အခဲများရှိနေပါစေ ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးအခြေအနေများကို မီးမောင်းထိုးပြနိုင်ရန် အချက်အလက် များကို ကြိုးပမ်းကောက်ယူ၊ စုဆောင်းကြပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု –** ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်အချက်အလက်ကောက်ယူစု ဆောင်းသူများသည် သတင်းအချက်အလက်များကို သက်ဆိုင်ရာမိခင်အဖွဲ့အစည်းထံသို့ ပထမဦးဆုံးပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကွန်ရက်၏ ဒေတာဘေ့စ်အတွင်း သတင်းအချက်အ လက်များထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအားသုံးသပ်၍ ပြင်ဆင်စုစည်းပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှု များအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင်ဖြစ်ပွားခဲ့သော တခြားသတင်း အချက်အလက်များကိုလည်း ပိုမိုအားကောင်းသည့် သမိုင်း မှတ်တမ်းအဖြစ် သိမ်းဆည်းထားသည်။

# အဓိကတွေ့ရှိချက်များ

- ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ရခိုင်၊ ချင်း၊ မွန် ၊ ကရင်၊ ကချင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် အဖွဲ့ဝင်များမှ လူ့အခွင့်အရေးချိုးဖောက်မှု ၄၀၁ ခုကို မှတ်တမ်းတင်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှု ၄၄၆ ခုရှိ သည်။
- လူ့အခွင့်အရေးချိုးဖောက်ခံရသူ ၁၀၄၇ ဦးရှိသည်။ အရပ်သားပြည်သူအများစုမှာ သတ်ဖြတ်ခံရ ခြင်း၊ အတင်းအဓမ္မ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ နေရပ်ရင်းမှ မဖြစ်မနေ ထွက်ပြေးရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရခြင်းတို့ကို တိုက်ပွဲများဖြစ်ပွားနေသည့် ရှမ်းပြည်မြောက်ပိုင်း၊ ရခိုင်နှင့် ချင်းပြည် နယ်တို့တွင် ခံစားကြရသည်။ အဆိုပါ ချိုးဖောက်မှုကြောင့် လူထုဘဝလုံခြုံမှုမရှိသည့် အခြေအနေကို ဖြစ်ပေါ်စေသည်။
- အရပ်သား ပြည်သူ ၁၆,၀၀၀ ကျော် မဖြစ်မနေ နေရပ်ရင်းမှ ထွက်ပြေးကြရသည်။ ချင်းပြည်နယ်ရှိ ဒေသ ၁၂ ခုမှ ၁၁,၅၀၀ ဦးနှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ၅,၀၀၀ ဦးတို့ ထွက်ပြေးကြရခြင်း ဖြစ်သည်။ အဖွဲ့ဝင်များ၏ မှတ်တမ်းအရ အချို့ဖြစ်ရပ်များတွင် ရွာများ အတင်းအကြပ် ရွှေ့ပြောင်းခံရသည်။
- အဖွဲ့ဝင်အဖွဲ့အစည်းများ၏ မှတ်တမ်းများအရ လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်မှုမှာ- မြန်မာ့ တပ်မတော်မှကျူးလွန်မှု ၃၁၇ ခုနှင့် EAOs များမှ ကျူးလွန်မှု ၃၁ ခု၊ ရဲတပ်ဖွဲ့မှ ကျူးလွန်မှု ၄ ခုနှင့် မည်သည့်အဖွဲ့က ကျူးလွန်မှန်း တပ်အပ်မပြောနိုင်သည့် ကျူးလွန်မှု ၁၂၆ ခုရှိသည်။
- တပ်မတော်သည် အရပ်သားပြည်သူများအား ပစ်မှတ်ထားပြီး EAOs များရိက္ခာ၊ ငွေကြေး၊ လူသစ်နှင့်သတင်းအချက်အလက်များ မရရှိစေရန်အတွက် ဖြတ်လေးဖြတ်ဗျူဟာအပါအဝင်၊ သွေးခွဲအုပ်ချုပ်မှုကို စနစ်တကျ ဆက်လက်ကျင့်သုံးနေသည်။
- တပ်မတော်နှင့် EAOs များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူထားသည့် ဒေသများတွင် အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည်။
- ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းများအရ ရွာလူကြီးများအား အဓိကပစ်မှတ်ထား ခြိမ်းခြောက်မှုများ ရှိနေသည်။
- တိုက်ပွဲများဖြစ်ပွားနေသည့်ဒေသများတွင် လူသားချင်းစာနာသည့် အကူအညီများအပေါ် စစ်တပ်မှ ပိတ်ပင်ဟန့်တားမှုများရှိနေသည်။ စစ်ဘေးရှောင်ပြည်သူများ(IDPs)မှာ နေရပ်ရင်းပြန်မည်ဆိုပါက ဖမ်းဆီးခံရခြင်း၊ လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် မြေမြှုပ်မိုင်း အန္တရာယ်စသည့် ခြိမ်းခြောက်မှုများကို ကြုံတွေ့ရသည်။

- ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်ပြီးနောက် တပ်မတော်နှင့် ရခိုင့်တပ်မတော် (AA) အကြား တိုက်ပွဲများ နှစ်ဆတိုးမြင့်ဖြစ်ပွားနေသည်။[၁] အင်တာနက် ဆက်သွယ်မှု မရသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် အခက်အခဲဖြစ်စေသည်။ မြန်မာ့တပ်မတော်ရှိ နေသည့်အတွက် သွားရောက်ရန်မလွယ်ကူသည့် ဒေသများတွင် သတင်းသမားများနှင့် လူ့အခွင့်အရေးအဖွဲ့များအားပြောဆိုသည့်အတွက် လက်တုန့်ပြန်မှုကို ခံရနိုင်သော လူ့အသိုင်းအဝိုင်းအတွက် မှတ်တမ်းတင်ရန်မှာ အန္တရာယ်ပို၍ကြီးနေသည်။

- စာပေစိစစ်မှုတင်းကြပ်ပြီး အစိုးရနှင့် တပ်မတော်၏ ရှေ့နောက်မညီသည့် ပြောဆိုမှုများကို သတင်းရေးသားရသည့်အခါ ထိန်းသိမ်းခံရနိုင်သည့် အန္တရာယ်ရှိသည့်အတွက် သတင်းသမားများအတွက် နေရာကျဉ်းမြောင်းနေသည်။

- ပုံမှန်ဖြစ်ပွားနေသည့်တိုက်ပွဲများ အထူးသဖြင့်ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် ကျောင်း၊ ကျေးရွာနှင့် လူထုရှိနေသည့် နေရာများသို့ ရမ်းသမ်းပစ်ခတ်မှုများကြောင့် အသက် ၁ နှစ်မှ ၁၄ နှစ်အတွင်း ကလေးသူငယ်များမှာ သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိကြသည်။

- ယခုအစီရင်ခံသည့် ကာလအတွင်း ကျူးလွန်သူများမှာ မည်သည့်တရားစီရင်ရေး ယန္တယားအောက်တွင်မျှ တာဝန်ခံ၊ တာဝန်ယူဖြေရှင်းမှု မရှိကြခြင်းပင်ဖြစ်သည်။

1. "Number of clashes double after internet shut down," 23 June 2020, Burma News International. https://www.bnionline.net/en/news/number-clashes-double-after-internet-shut-down



# အကျဉ်းချုပ်

၂၀၂၀ ပြည့်နှစ် မတ်လတွင် ထုတ်ပြန်ခဲ့သည့် ND–Burma ၏ နောက်ဆုံးအစီရင်ခံစာတွင်[၂] ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများအပေါ် သုံးသပ်ထားပြီး မတည်ငြိမ်မှုနှင့် ဒီမိုကရေစီအပြောင်းအလဲ ကြန့်ကြာမှုတို့က လူထုဘဝ လုံခြုံမှုကို လျော့ပါးစေကြောင်းဖော်ပြထားသည်။ ယခုအစီရင်ခံသည့် ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်–၁၉ အား စိုးရိမ်ပူပန်နေရသည့်တိုင် တိုင်းရင်းသား ဒေသများတွင် စစ်တပ်အင်အား လျော့နည်းသွားသည့် အထောက်အထား မတွေ့ရပေ။ မြန်မာ နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် ပထမဦးဆုံး အတည်ပြုလူနာ ၂ ဦး ပထမဆုံးတွေ့ရသည်[၃]။

တိုက်ပွဲများကြောင့် အရပ်သားပြည်သူများအပေါ် တပူပေါ်နှစ်ပူဆင့်ဆိုသလို ဖြစ်ရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲများကြောင့် ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မြောက်ဦး မင်းပြားနှင့် မြေပုံမြို့နယ်တို့တွင် နေရပ်ရင်းမှ မဖြစ်မနေ ထွက်ပြေးရမှုများ ရှိနေသည်။

တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများရှိ ပြည်သူများ၏ လုံခြုံရေးမှာ ပုံမှန်ပစ်ခတ်ပေါက်ကွဲမှုများနှင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်မှုများရှိနေသည်။ အိမ်နီးချင်း ချင်းပြည်နယ် အထူးသဖြင့် ပလက်ဝမြို့နယ်တွင်လည်း တိုက်ပွဲများကြောင့် မတည်ငြိမ်မှုနှင့် စိတ်ပူပင် သောကရောက်ကြရသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် မြန်မာ့တပ်မတော်မှ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်တပ်အင်အားတိုးချဲ့မှုကြောင့် စိုးရိမ်ပူပန်မှုများ ထပ်မံတိုးပွားလာပြီး တိုက်ပွဲဖြစ်ပွားရာဒေသမှ ထောင်နှင့်ချီသည့် အရပ်သားများနေရပ်ရင်းအား စွန့်ခွာထွက်ပြေးမှုများဖြစ်ပေါ်စေသည်။[၄] ဒေသခံများမှာ မတရားဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် ပေါ်တာဆွဲခံရပြီးနောက် တပ်မတော်နှင့် EAOs တို့ ထောင်ထားသည့် မိုင်းများနင်းမိပြီး သေဆုံး၊ ဒဏ်ရာရစေခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပုံမှန်တွေ့ကြုံ ခံစားကြရသည်။ စစ်တပ်မှ အပြစ်ကျူးလွန်သော်လည်း အရေးယူခံရခြင်းမှ ကင်းလွတ်နေမှုက ချိုးဖောက်ခံ နစ်နာသူများ အတွက် တရားမျှတမှုကင်းမဲ့စေပြီး အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားသည့် ရှမ်းပြည်မြောက်ပိုင်းတွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်း ပြည်တပ်မတော် (RCSS–SSA) သည် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့ မကြာခန တက်ရောက်နေသည့်အတွက် ပို၍စိုးရိမ်မှုကိုဖြစ်စေသည်။

---

2. "Human Rights Situation in Burma (July to December 2019)," Network for Human Rights Documentation. https://nd-burma.org/human-rights-situation-in-burma-july-to-december-2019/
3. "Myanmar confirms first coronavirus cases," 24 March 2020, Bangkok Post. https://www.bangkokpost.com/world/1884820/myanmar-confirms-first-coronavirus-cases
4. "Locals Fear Burma Army Troop Expansion in Kutkai Township," 7 July 2020, Shan Herald Agency for News. https://www.bnionline.net/en/news/locals-fear-burma-army-troop-expansion-kutkai-township

ND–Burma အဖွဲ့ဝင်များဖြစ်သည့် တအာင်းအမျိုးသမီးအစည်းအရုံး (TWO) နှင့် တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU) တို့ အပါအဝင် တအာင်းလူထုအခြေပြု အဖွဲ့အစည်းများ၏ အဆိုအရ ၂၀၂၀ ပြည့်နှစ် မတ်လ တလတည်းတွင်ပင် ရှမ်းပြည်မြောက်ပိုင်း၌ အတင်းအဓမ္မဖမ်းဆီးမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပေါ်တာအဖြစ် အတင်းအကြပ်စေခိုင်းသည့် ဖြစ်ရပ် ၁၈ ခုရှိသည်။[၅] ရခိုင်ပြည်နယ်တွင် အစိုးရမှ ကမ္ဘာ့အရှည်ကြာဆုံး အင်တာနက် ဖြတ်တောက်ထားသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် ထိခိုက်စေသည်။

ထိုသို့ပြုလုပ်ခြင်းကြောင့် အရပ်သားပြည်သူများမှာ ကိုဗစ်–၁၉ နှင့် ပတ်သက်ပြီး သိသင့်သည့် ကြိုတင်သတိပေးချက်များကို မရနိုင်တော့ပဲ အခြေအနေကို ပိုဆိုးစေသည်။

ကရင်၊ မွန်နှင့် ကချင်တို့ရှိ စစ်ဘေးရှောင်များမှာ သွားလာမှုကို ကန့်သတ်ခြင်းနှင့် အရေးတကြီးလိုအပ်သည့် လူသားချင်းစာနာသည့် အကူအညီများအပေါ် ကန့်သတ်ပိတ်ပင်ခြင်းတို့ကြောင့် စခန်းတွင် လိုအပ်သည့်အရာ များ ရရှိရန် မသေခြာ မရေရာမှုနှင့် ကြုံရသည်။ စခန်းတွင်းရှိ ထောင်နှင့်ချီသည့် စစ်ဘေးရှောင်များမှာ ၎င်း တို့ ရပ်ရွာသို့ မည်သည့်အချိန်တွင် ပြန်ရမည် (သို့မဟုတ်) အခြေအနေများပြောင်း၍ ရွာသို့ ဘေးကင်းလုံခြုံ စွာ ပြန်ရမည်မှာ သောင်မတင်ရေမကျ ဖြစ်ကြရသည်။

၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်တွင်ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ၄၃ ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာ့နိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ်(UN SR) ဖြစ်သူ မစ်ယန်ဟီလီးက သူမ၏ နောက်ဆုံးအစီရင်ခံစာတွင် မြန်မာအာဏာပိုင်များ အနေဖြင့် လူ့အခွင့်အရေးယန္တယားများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း နိုင်ငံနှင့်အဝှန်း အပစ်အခတ်ရပ်စဲရန်တောင်းဆိုခဲ့သည်။[၆] သူမ သက်တမ်းအတွင်း ပျက်စီးဆုံးရှုံးမှုနှင့် ဝမ်းနည်းစရာဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီး မြန်မာနိုင်ငံသည် နိုင်ငံတကာ ဥပဒေအောက်မှ အဆိုးရွားဆုံးရာဇဝတ်မှုများကို ကျူးလွန်သည်ဟုစွပ်စွဲခံနေရသည်ဟု မှတ်ချက်ချခဲ့သည်။[၇] လူ့အခွင့်အရေး ချိုးဖောက်မှုများကိုရှုံ့ချပြီး မြန်မာနိုင်ငံကိုစွအား နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး (ICC) သို့ လွှဲပြောင်းရန် တောင်းဆိုခဲ့သည်။

ဆက်လက်ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် တိုင်းပြည်တည်ငြိမ်မှုကိုထိခိုက်စေသည်။ ပြည်သူများမှာ ၎င်းတို့လက်လှမ်းမမီသည့် နောက်ထပ် လက်တွေ့ဖြစ်ပေါ်နေသည့် အရာများနှင့် လုံးပန်းနေရသည့် အခြေအနေကို ကပ်ရောဂါက မီးမောင်းထိုးပြနေသည်။

---

5. "Statement of the Ta'ang Community Based Organizations on Serious Human Rights by the Burmese Military," 8 April 2020. Ta'ang CSOs. https://www.bnionline.net/en/news/amid-covid-19-pandemic-tatmadaw-continues-abusing-ta-ang-civilians-csos-say
6. "UN Investigator Wants Myanmar Brought Before International Criminal Court," 10 March 2020, VOA News. https://www.voanews.com/east-asia-pacific/un-investigator-wants-myanmar-brought-international-criminal-court?fbclid=IwAR3z1PGyz90S4dbmXN3Oyeqg-NW6yZOLLHoWOILbRw1mt0gryRWJUoHmB6I
7. Ibid




# အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု

## အပစ်အခတ်ရပ်စဲရေးကာလတိုးမြှင့်ခြင်း

၂၀၂၀ ပြည့်နှစ် မတ်လတွင် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA), မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA), ရခိုင့်တပ်တော် (AA) တို့ပါဝင်သည့် ညီနောင်မဟာမိတ် ၃ ဖွဲ့က မတ်လ ၁ ရက်မှ ၂၅ ရက်အထိ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။[၈] ၎င်းတို့က ၂၀၂၀ ရွေးကောက်ပွဲအတွက် ငြိမ်းချမ်းသည့် ဝန်းကျင်တည်ဆောက်ရန်၊ တွေ့ဆုံညှိနှိုင်းမှုနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပြီးနောက် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးရန်၊ ငြိမ်းချမ်းရေးတည်ဆောက်ပြီး ပြည်တွင်းစစ်အဆုံးသတ်ရန်နှင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။[၉] ငြိမ်းချမ်းစွာ ရှေ့ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းသည့်လမ်းကြောင်းကို ဖော်ပြထားပြီး ၎င်းတို့၏ အပစ်အခတ်ရပ်စဲမှုကို ၄ ကြိမ်မြောက် သက်တမ်းတိုးခြင်းဖြစ်သော်လည်း ၎င်းအဖွဲ့များနှင့် တိုက်ပွဲများ လျော့ကျသွားသည့် ရလဒ်မရှိပေ။

## တဖက်သတ်အပစ်အခတ်ရပ်စဲရေးကြေငြာခြင်း

ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် မြန်မာ့တပ်မတော်အနေဖြင့်တဖက်သတ်အပစ်အခတ်ရပ်စဲမှုကို မေလ ၁၀ ရက်နေ့မှ ဩဂုတ်လ ၃၁ရက်နေ့အထိ သက်တမ်းတိုးကြောင်း ကြေငြာပြီးနောက် စစ်တပ်၏ဆုံးဖြတ်ချက်တွင် ရခိုင်ပြည်နယ်ကို ချန်လှပ်ထားသည်ဟု လက်နက်ကိုင်အဖွဲ့များက မဆိုင်းမတွ ထုတ်ပြန်ကြသည်။[၁၀]

TNLA, AA နှင့် MNDAA တို့က အပစ်အခတ်ရပ်စဲရေးသည် အတုအယောင်သာဖြစ်သည်ဟု ပူးတွဲထုတ်ပြန်ခဲ့သည်။[၁၁] တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေသည့် ဒေသမှ လက်နက်ကိုင်အဖွဲ့ကို ချန်လှပ်ထားသော အပစ်အခတ်ရပ်စဲရေးသည် ကိုဗစ်-၁၉ ကူးစက်မှုကို ဟန့်တားမည့် ခိုင်မာသည့် သံန္နိဋ္ဌာန်ချထားမှုကို မပြသနိုင်ကြောင်းလည်းဖော်ပြထားသည်။ မြန်မာ့တပ်မတော်မှ အပစ်အခတ်ရပ်စဲကြောင်း မကြေငြာမီ တရက်ကပင် တပ်မတော်မှ TNLA အား ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ခိုက်ခဲ့သေးသည်။[၁၂] မြန်မာ့

8. “Three Brotherhood Alliance announce a 25 day unilateral ceasefire extension,” 4 March 2020, Burma News International. https://www.bnionline.net/en/news/three-brotherhood-alliance-announce-25-day-unilateral-ceasefire-extension
9. Ibid
10. “Myanmar military calls unilateral ceasefire in Covid-19 fight,” 11 May 2020, UCA News. https://www.ucanews.com/news/myanmar-military-calls-unilateral-ceasefire-in-covid-19-fight/87983
11. “Myanmar Rebel Coalition Calls for Military to Extend Ceasefire to Rakhine,” 11 May 2020, The Irrawaddy. https://www.irrawaddy.com/news/burma/myanmar-rebel-coalition-calls-military-extend-ceasefire-rakhine.html
12. “Tatmadaw Fight with TNLA After Announcing Unilateral Ceasefire,” 16 May 2020, Burma News International. https://www.bnionline.net/en/news/tatmadaw-fight-tnla-after-announcing-unilateral-ceasefire

တပ်မတော်မှ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ကိုဗစ်-၁၉ စောင့်ကြပ်စစ်ဆေးသည့် စခန်းအချို့အား မီးရှို့ဖျက်ဆီးခဲ့သည်။[၁၃] မွန်ပြည်သစ်ပါတီ (NMSP)အားလည်း ၎င်းတို့၏ ကိုဗစ်-၁၉ စောင့်ကြပ်စစ်ဆေးသည့် စခန်းများရုပ်သိမ်းရန် တပ်မတော်မှ ဖိအားပေးခဲ့သည်။[၁၄] ND-Burma ၏ ဆက်စပ်အဖွဲ့ဝင်ဖြစ်သည့် ရှေ့ပြေးအသံအဖွဲ့ (PV) မှ မေလအတွင်းထုတ်ပြန်သည့် အပတ်စဉ်သုံးသပ်မှုတွင်ကပ်ရောဂါအတွက် စိတ်ပူပန်မှုကိုဖော်ပြနေ သော်လည်း တိုက်ပွဲများဆက်ရှိနေသည့် မြန်မာ့တပ်မတော်၏ တဖက်သတ်အပစ်အခတ်ရပ်စဲရေး ထုတ်ပြန်ချက်နောက်ကွယ်တွင် ရိုးသားမှုများ ကင်းမဲ့နေသည်ဟုလေ့လာ ဖော်ပြထားသည်။[၁၅]

အပစ်အခတ်ရပ်စဲရေးတွင် AA မပါဝင်ခြင်းအပေါ်စိုးရိမ်မှုသည် ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် သတင်းအမှောင်ချထားမှုနှင့်အတူ ပေါင်းစပ်နေသည်။ နေ့စဉ်သေဆုံးဒဏ်ရာရမှုများ မြင့်တက်နေသည့် တိုက်ပွဲဒေသရှိ လုံခြုံရေးအန္တရာယ် ရင်ဆိုင်နေရသော လူထုမှာ ကိုဗစ်-၁၉ ရောက်ရှိကူးစက်လာမည်ကို ထိတ်လန့်ကြောက်ရွံ့မှုများ တိုးပွားလာပြန်သည်။ မြန်မာ့တပ်မတော်နှင့် AA တို့အကြား တိုက်ခိုက်မှုကြောင့်လမ်းနှင့် မြစ်ကြောင်းတချို့ပိတ်ခံထားရ၍ ထိခိုက်နစ်နာလွယ်သည့် အုပ်စုများအတွက်လူသားချင်းစာနာသည့် အကူအညီများဝေငှရန် နှောင့်နှေးမှုနှင့် ပြတ်တောက်မှုများကြုံရသည်။ နှစ်ဖက်စလုံးမှ၎င်းတို့ အကျိုးစီးပွားအတွက် ခြိမ်းခြောက်ထား၍ ပြည်သူများမှာ သတင်းအချက်အလက်နှင့် ခရီး သွားလာမှုအတွက် ကန့်သတ်ပိတ်ပင်မှုများနှင့် ကြုံရသည်။

ဇွန်လအစပိုင်းတွင် TNLA, MNDAA နှင့် AA တို့က နောက်ထပ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် မြန်မာ့တပ်မတော်နှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို သက်တမ်းတိုးရန် ကမ်းလှမ်းထုတ်ပြန်ခဲ့သည်။[၁၆] သမ္မတရုံးပြောခွင့်ရ ပုဂ္ဂိုလ်ကအစိုးရအနေဖြင့် ရခိုင်တွင် စစ်ဆင်ရေးဆက်လက် ဆင်နွှဲမည်ဖြစ်ကြောင်း တုန့်ပြန်ပြီး၊ AA အားအကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကြေငြာထားသည့်အပေါ် အကြောင်းပြခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အလှမ်းဝေးသည့် အလားအလာအဖြစ် ပေါ်ထွက်လာစဉ်တွင် အထူးသဖြင့် နိုင်ငံရေးပါတီများသည် ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာတွင် ကျင်းပမည့် ရွေးကောက်ပွဲအပေါ် ပို၍အာရုံစိုက် အားထုတ်နေကြသည်။

13. "Burma Army KNU Screening Posts," 8 May 2020, Karen News. http://karennews.org/2020/05/burma-army-burns-knu-covid-19-screening-posts-pandemic-causes-peace-process-further-fractures/
14. "Tatmadaw Pressures NMSP to Withdraw C-19 Medical Checkpoint Near TPP," 16 March 2020, Mon News. http://monnews.org/2020/05/16/tatmadaw-pressures-nmsp-to-withdraw-c-19-medical-checkpoint-near-tpp-border/
15. "A Whitewash of a Truce and the COVID-19 Pandemic," 25 May 2020, Progressive Voice. https://progressivevoicemyanmar.org/2020/05/25/a-whitewash-of-a-truce-and-the-covid-19-pandemic/
16. "Ethnic armed alliance extends bilateral ceasefire offer to Tatmadaw," 4 June 2020, Burma News International. https://www.bnionline.net/en/news/ethnic-armed-alliance-extends-bilateral-ceasefire-offer-tatmadaw

# ရခိုင်၊ ချင်း၊ ကချင် နှင့် ကရင်ပြည်နယ် တို့၏ လူ့အခွင့်အရေး အခြေအနေ



## ရခိုင်ပြည်နယ်

တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသဖြင့် ရခိုင်ပြည်နယ်သည် ကြောက်ရွံ့ထိတ်လန့်သည့်ဝန်းကျင်အဖြစ် ဆက်လက်ရှိနေသည်။ ရခိုင်တိုင်းရင်းသားကွန်ဂရက် (REC) ၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့တွင် ရခိုင်ပြည်နည်အတွင်း စစ်ဘေးရှောင် ဒုက္ခသည် စုစုပေါင်း ၁၆၄,၂၁၁ ထိရှိနေသည်။[၁၇] ၎င်းတို့အ ထဲမှ ၁၀၁,၆၇၀ ဦးမှာ စစ်ရှောင် စခန်းပြင်ပတွင် နေထိုင်ကြရပြီး ၆၂, ၅၄၁ ဦးမှာ စခန်းများတွင် နေထိုင်ကြသည်။[၁၈] ရွာသား ၂,၃၀၀ ကျော်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် တခြားဒေသများတွင် ခိုလှုံစရာ ရှာဖွေ ကြရသည်။

ချင်းအစိုးရ၏ အဆိုအရ ပလက်ဝမြို့နယ်တွင် ရွာပေါင်း ၃၈၀ ကျော်နှင့် လူဦးရေ ၁၀၀,၀၀၀ ရှိပြီး ၎င်းတို့ထဲ မှ ၆၀,၀၀၀ ခန့်မှာ တိုက်ပွဲများကြောင့် ထိခိုက်ခံရသူများဖြစ်သည်။[၁၉]

ND–Burma ၏ အဖွဲ့ဝင်ဖြစ်သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) နှင့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) တို့က တိုက်ပွဲများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ် တမ်းတင်နေကြသည်။ AASYC မှ ဖြန့်ချိသည့် လူ့အခွင့်အရေးချိုးဖောက်မှု လစဉ်မှတ်တမ်းအရ ရခိုင်ပြည်နယ်အတွင်း အများဆုံးဖြစ်ပွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုမှာ မြေမြှုပ်မိုင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းခြင်းများဖြစ်သည်။[၂၀] ၂၀၂၀ ဧပြီလတွင် အရပ်သား ၄၅ ဦး သေဆုံး၊ ၅၇ ဦး ဒဏ်ရာရကာ ၇၄ ဦး မတရားဖမ်းဆီးခံရသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၅၈ ခုကို AASYC မှ မှတ်တမ်းတင်နိုင်ခဲ့သည်။[၂၁]

အစီရင်ခံသည့်ကာလအတွင်း တိုက်ပွဲများအကြား ကလေးသူငယ်များမှာ ပစ်မှတ်ထားခံရခြင်းနှင့် သတ်ဖြတ် ခံရခြင်း (သို့မဟုတ်) သေရာပါ ဒဏ်ရာအနာတရများ ရရှိကြသည်ကို တွေ့ရသည်။ ၂၀၂၀ နှစ်အစ ဇန်နဝါရီလတွင် ဘူးသီးတောင်မြို့နယ်တွင် မိုင်းပေါက်ကွဲမှုကြောင့် ရိုဟင်ဂျာကလေးငယ် ၄ ဦးသေဆုံးပြီး အရပ်သား ၆ ဦး ဒဏ်ရာရရှိခဲ့သည်။[၂၂] တပတ်အကြာတွင် ၎င်းတို့ရွာများတွင် မြေမြှုပ်မိုင်း ၂ လုံးပေါက်ကွဲမှုကြောင့် ကလေး ၃ ဦးအပါအဝင် အရပ်သား ၇ ဦး ဒဏ်ရာရရှိသွားသည်။[၂၃] ဒေသတွင်း အကူအညီ

17. "164,211 people displaced due to conflict in Rakhine, according to REC," 5 May 2020, Burma News International. https://www.bnionline.net/en/news/164211-people-displaced-due-conflict-rakhine-according-rec
18. Ibid
19. "Seven Civilians Killed by Airstrike in Myanmar Chin State," 8 April 2020, The Irrawaddy. https://www.irrawaddy.com/news/burma/seven-civilians-killed-airstrike-myanmar-chin-state.html
20. AASYC News Bulletin
21. Ibid
22. "Mine Blast Kills 4 Rohingya Children in Myanmar's Rakhine State," 8 January 2020, The Irrawaddy. https://www.irrawaddy.com/news/burma/mine-blast-kills-4-rohingya-children-myanmars-rakhine-state.html
23. "Seven Injured in Rakhine State Landmine Blasts, Including Three Children," 14 January 2002, Burma News International https://www.bnionline.net/en/news/seven-injured-rakhine-state-landmine-blasts-including-three-children

ပေးရေးအဖွဲ့များ၏ သတင်းများအရ ယခုနှစ်၏ ပထမ ၆ လအတွင်း ရခိုင်ပြည်နယ်တွင် အရပ်သား ၁၅ ဦး သေဆုံးပြီး ၁၀ ဦးမှာ ကလေးများဖြစ်သည်။[၂၄] ယခုအစီရင်ခံသည့်ကာလ အဆုံးတွင် ကလေး ၂၈ ဦး သေဆုံးခဲ့သည်ကို AASYC မှ မှတ်တမ်းတင်ထားသည်။[၂၅]

နောက်ထပ် တိုက်ခိုက်မှုမှာ ကလေးများနေ့တွင် ဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်နှင့် AA တို့အကြား တိုက်ပွဲဖြစ်ပွားပြီး မူလတန်းကျောင်းပေါ် လက်နက်ကြီးကျ သဖြင့် ကျောင်းသား ကလေးငယ် ၂၁ ဦး ဒဏ်ရာ ရသွားသည်။[၂၆] ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် အရပ်ဖက်အဖွဲ့အစည်း ၁၂၆ ဖွဲ့မှ တိုက်ခိုက်မှုကို ရှုံ့ချပြီး အစိုးရနှင့် တိုက်ခိုက်မှုတွင် တာဝန်ရှိသည့် မြန်မာ့တပ်မတော် (သို့မဟုတ်) AA အား တရားဝင် တောင်းပန်ရန် တောင်းဆိုခဲ့သည်။[၂၇] AAPP, FLC နှင့် KWAT အပါအဝင် ND–Burma အဖွဲ့ဝင်များမှ ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့သည်။ မတ်လ ၂၅ မှ ၂၆ ရက်အတွင်း မြေပုံမြို့နယ်တွင် လေကြောင်းမှတိုက်ခိုက်သည့်အတွက် ၉ နှစ်သား ကလေးတဦး သေဆုံးပြီး အရပ်သား ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။[၂၈] မိသားစုနှင့် ညစာစားနေသည့် ၁၀ တန်းကျောင်းသူ တဦးမှာလည်း ကျည်သင့်၍ ဒဏ်ရာရရှိခဲ့သည်။[၂၉] ဖခင်ဖြစ်သူက "မြန်မာ့တပ်မတော်က သူတို့အိမ်ကို ဝိုင်းပစ်နေတုန်း ကျည်ဆံတွေ ပျံ့ဝဲနေတာပဲ" ဟု ပြောသည်။ တိုက်ခိုက်မှု ၂ ခုလုံးတွင် တာဝန်ရှိသည်ဟု မြန်မာ့တပ်မတော်ကို စွပ်စွဲပြစ်တင်ကြသည်။

အသက်ဆုံးရှုံးရမှုများမှာ မကြုံဖူးလောက်သည့် အကြမ်းဖက်မှု၏ ကနဦး အညွှန်းကိန်းအဖြစ် ယခုနှစ် အတွက် ရှေ့ရှုံးရာလမ်းကြောင်းပမာ မြန်မာပြည် အနောက်ပိုင်းတွင် အရပ်သားသေဆုံးမှု မြင့်တက်လာခြင်းနှင့်အတူ ရောက်ရှိလာသည်။ ၂၀၂၀ မတ်လတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ တသီတတန်းဖြစ်ပွားခဲ့ ခြင်းက လုံခြုံရေးအခြေအနေကို အပြင်းအထန် လျော့ပါးထိခိုက်စေသည်။

မတ်လ ၁၂ ရက်က ကျောက်တော်မြို့နယ်တွင် မြန်မာ့တပ်မတော်မှ ပစ်ခတ်သည့်အတွက် မိသားစုနှင့်အတူ လမ်းလျှောက်လာသည့် အမျိုးသမီးသေဆုံးပြီး ခင်ပွန်းဖြစ်သူ ဒဏ်ရာရသွားသည်။[၃၀] ဒဏ်ရာရရှိသွားသူအား ဆေးရုံသို့ပို့ရာတွင် ပစ်ခတ်ခံရမည်ကို အခြားအရပ်သားများက စိုးရိမ်နေကြသည်။ မတ်လလယ်တွင် လက် နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခြင်းနေခြင်းကြောင့် ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်သဖြင့် ရွာသား ၃၀၀၀ ကျော် ထွက်ပြေးကြရသည်။[၃၁] ထိုသို့ ထွက်ပြေးကြရပြီး မိသားစုနှင့်အတူနေထိုင်

24. "Accountability Lacking as Civilian Casualties Mount in Myanmar's Rakhine Conflict," 19 February 2020, The Irrawaddy. https://www.irrawaddy.com/opinion/analysis/accountability-lacking-civilian-casualties-mount-myanmars-rakhine-conflict.html
25. AASYC News Bulletin
26. Shelling wounds at least 19 children in Myanmar's Rakhine: authorities, 13 February 2020. Reuters. https://www.reuters.com/article/us-myanmar-rakhine/at-least-19-children-hurt-by-shelling-at-school-in-myanmars-rakhine-state-authorities-idUSKBN2072AW
27. Statement on Shelling of School on Myanmar's Children Day, 15 February 2020. https://progressivevoicemyanmar.org/2020/02/15/statement-on-shelling-of-school-on-myanmars-children-day/?platform=hootsuite
28. Nine Year-Old Killed in Rakhine as Myanmar Military Launches Air Strikes Against AA, 25 March 2020, The Irrawaddy. https://www.irrawaddy.com/news/burma/nine-year-old-killed-rakhine-myanmar-military-launches-air-strikes-aa.html
29. Teenage girl injured by stray bullet in Maungdaw Twsp, 26 March 2020, Development Media Group. https://www.dmediag.com/news/1331-tgi?fbclid=IwAR18Aaz59KJfGcQ35ODrVXBYn2jM_dEbe6DEinMu8iWjiTgML7XYUMNLPLY
30. "Woman killed, man injured by gunfire at village in Kyauktaw", 12 March 2020, Burma News International. https://www.bnionline.net/en/news/woman-killed-man-injured-gunfire-village-kyauktaw#.Xmn3VCKJjQs.twitter
31. "Thousands of residents in Kyauktaw flee artillery fire," 16 March 2020, Burma News International. https://www.bnionline.net/en/news/thousands-residents-kyauktaw-flee-artillery-fire#.XnA2YSH688k.twitter

သူများသည် ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်လှမ်းမီရရှိရန် စိတ်ပူနေကြသည်။ IDPs များမှာလည်း အခွင့်အရေးချိုးဖောက်မှုများ ပုံမှန်ခံကြရသည်။ မတ်လ ၁၇ ရက်တွင် ဖြစ်ပွားသည့် ဖြစ်ရပ်အရ စစ်ကားတစီးမိုင်း ထိပြီးနောက် လက်တုန့်ပြန်သည့် အနေဖြင့် မြန်မာစစ်တပ်မှ အနီးအနားသို့ စိတ်ထင်တိုင်းပစ်ခတ်ရာမှ တိမ်ညို စစ်ရှောင်စခန်းမှ ဆယ်ကျော်သက်အရွယ် လူငယ်တဦး ဒဏ်ရာရ သေဆုံးခဲ့သည်။[၃၂] တိမ်ညိုစခန်းမှ အမျိုးသမီးနှစ်ဦးမှာလည်း သေနတ်ဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည်။[၃၃]

လွှတ်တော်ကိုယ်စားလှယ်များကလည်း "အဆိုပါ ဖြစ်ရပ်တွေဟာ နေ့စဉ်နီးပါး ဖြစ်ပွားနေတယ်၊ ပြည်သူတွေသေဆုံး၊ ဒဏ်ရာရကြတယ်၊ ကျေးရွာတွေမီးရှို့ ခံရတယ်၊ ရွာသားတွေ ထွက်ပြေးကြရတယ်" ဟု မှတ်ချက်ပြုပြီး ဒေသတွင်းအကြမ်းဖက်မှုများအပေါ် ရှုံ့ချသည့်အခါ ခြိမ်းခြောက်မှုများခံရသည်။[၃၄] မြန်မာ့တပ်မတော်အပေါ် စွပ်စွဲမှုများ ရှိနေလင့်ကစား ပြည်နယ်အတွင်း ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး တာဝန်ယူမှု သို့မဟုတ် ဂယက်ရိုက်ခြင်းမျိုးမရှိပေ။ AASYC ၏ အဆိုအရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ရခိုင်နှင့် ပလက်ဝတွင် အရပ်သား ១၂၀ ဦး အသက်ခံခဲ့ရသည်။[၃၅]



(၂၉.၀၃.၂၀) ရက်နေ့ မညွှင်းတောင်ကျေးရွာအနီး မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိသူ ဦးဝေဘန်းဖြူ (၄၆) နှစ် (ဘ) ဦးညိုလှ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် (၀၈.၀၄.၂၀) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။ (AASYC)

၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်တွင် ပြည်သူ ၁၀,၀၀၀ အတင်းအကြပ်ရွှေ့ပြောင်းခံရပြီးနောက် အခွင့်ကောင်း ယူ၍ မြန်မာ့တပ်မတော်မှ AA အပေါ် စစ်ဆင်ရေးဆင်နွှဲခဲ့သည်။[၃၆] အဆိုပါ အတင်းအကြပ်ရွှေ့ပြောင်းခံရသူများမှာ ကျောက်တန်းရွာတွင်နေထိုင်သည့် ဒေသခံအသိုင်းအဝိုင်း ၁၇ ခုတို့မှဖြစ်ကြသည်။ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ပြီးနောက် ဩစတြေးလျ၊ ကနေဒါ၊ အမေရိကန်နှင့် UK နိုင်ငံတို့မှ "အရပ်သားများနှင့် ၎င်းတို့

32. "13-year-old IDP is latest to die after mass shooting in Mrauk-U," 17 March 2020, Burma News International. https://www.bnionline.net/en/news/13-year-old-idp-latest-die-after-mass-shooting-mrauk-u
33. Ibid
34. "ANP: Tatmadaw Threatening MPs for Exposing Rakhine State Military Violence," 20 April 2020, Network Media Group. http://www.nmg-news.com/2020/04/20/10593
35. AASYC News Bulletin

ပိုင် ပစ္စည်းဥစ္စာနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် တာဝန်ရှိသူအားလုံးမှ ဦးစားပေး ကာကွယ်ရန်”[၃၇] စာထုတ်၍ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ကြသည်။ ကုလသမဂ္ဂမှလည်း ရခိုင်နှင့် ချင်းပြည်နယ်တောင်ပိုင်းရှိ တိုက်ပွဲများနှင့်ပတ်သက်ပြီး လူသားချင်းစာနာသည့် ဆိုးကျိုး သက်ရောက်မှုများအပေါ် စိုးရိမ်၍ “တာဝန်ရှိသူများအားလုံး နိုင်ငံတကာ လူသားချင်းစာနာသည့် ဥပဒေကို မဖြစ်မနေ လေးစားလိုက်နာရမည်”ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။[၃၈]

အရပ်သား ထိခိုက်၊ သေဆုံးမှုနှုန်း များပြားလာသည့်အတွက် နိုင်ငံတကာ ရခိုင်အမျိုးသားများ အသိုင်းအဝိုင်း (IAC) မှ “ရခိုင်ပြည်နယ်ရှိ ပြည်သူများအား လူမျိုးတုန်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုတို့မှ အကာအကွယ်ပေးရန်” ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများသို့ ပန်ကြားခဲ့သည်။[၃၉] ၂၀၂၀ ဧပြီလ ၂၃ တွင် ရခိုင်ဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှု (ICA) အဖွဲ့က ရခိုင်ပြည်နယ်တွင်း ပြည်တွင်းစစ် ပြင်းထန်လာမှုအပေါ် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်း၍ အရေးပေါ်တုန့်ပြန် ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။[၄၀] အဆို ပါဒေသမှ အရပ်သားများမှာ ထောက်ပံ့မှုများ အရေးပေါ်လိုအပ်နေပြီး စားနပ်ရိက္ခာ၊ ရေနှင့် တကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များ လက်လှမ်းမီ ရရှိရန် လိုအပ်နေသည်။ ဒေသတွင်းမတည်မငြိမ် ဖြစ်ပေါ်နေမှုကြောင့် မိမိတို့နေအိမ်မှထွက်ပြီးအခြေခံလိုအပ်ချက်များကိုရယူရန် ကြောက်ရွံ့နေကြကာ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖမ်းဆီးထိန်းသိမ်းခံရမည့် အန္တရာယ်ကလည်း ရှိနေပြန်သည်။ ထို့အပြင် အသက်ကယ်ကုသပေးရန် အရေးတကြီးလိုအပ်နေသည့် လူနာများ စုပြုံကျရောက်လာမှုကြောင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများရရှိရန် ရုန်းကန်ကြိုးပမ်းနေရသေးသည်။ ယခုလို စိုးရိမ်ထိတ်လန့်မှုများသည် ကိုးဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်တွင် ပို၍ဆိုးရွားစွာ ဖြစ်ပေါ်လာစေသည်။



## ချင်းပြည်နယ်။

လွန်ခဲ့သည့် ၆ လ အစီရင်ခံစာရေးသားသည့် ကာလအတွင်း ချင်းပြည်နယ်ရှိ တိုက်ပွဲများ အထူးသဖြင့် ပလက်ဝမြို့နယ်တွင် နေထိုင်သည့် အနောက်ဖက် နယ်စပ်တလျှောက်ရှိ အရပ်သားများ၏ ဘဝကို ဖွတ်ဖွတ်ညက်ညက် ကြေစေသည်။ မြန်မာ့တပ်မတော်နှင့် AA တို့၏ တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်များ ကို ND-Burma ၏ ဆက်စပ်အဖွဲ့ဝင် CHRO မှ မှတ်တမ်းတင်ထားပြီး ဆိုးရွားသည့် အခြေအနေများကို ပုံ

36. “Myanmar Army Orders Cluster of Villages Housing 10,000 Emptied For Rakhine Operation,” 26 June 2020, Radio Free Asia. https://www.rfa.org/english/news/myanmar/villages-emptied-06262020185734.html
37. “Statement from Diplomatic Missions in Myanmar,” U.S. Embassy in Burma, 27 June 2020. https://mm.usembassy.gov/statement-from-diplomatic-missions-in-myanmar-0627/
38. “The United Nations expresses concern over the humanitarian impact of conflict in Rakhine and southern Chin states and calls on all parties to respect International Humanitarian Law and allow humanitarian access,” 28 June 2020, UNCT Myanmar. https://reliefweb.int/report/myanmar/united-nations-expresses-concern-over-humanitarian-impact-con-flict-rakhine-and
39. Urgent Appeal to the United Nations and International Governments,” International Arakanese Community, 13 April 2020. https://progressivevoicemyanmar.org/2020/04/14/urgent-appeal-to-the-united-nations-and-international-govern-ments/?platform=hootsuite
39. Urgent Appeal to the United Nations and International Governments,” International Arakanese Community, 13 April 2020. https://progressivevoicemyanmar.org/2020/04/14/urgent-appeal-to-the-united-nations-and-international-govern-ments/?platform=hootsuite
40. “Rakhine State is Calling for An Urgent Response from the UN Independent Investigative Mechanism for Myanmar,” 23 April 2020, The International Campaign for Arakan https://twitter.com/Arakan_Today/status/1253340778639720451/photo/1



ပလက်ဝ တိုက်ပွဲများကြောင့် ဒဏ်ရာရရှိပြီး ထွက်ပြေးတိမ်းရှောင်လာသော ဒေသခံများ (CHRO)

မှန် ထုတ်ပြန်ဖလှယ်ပေးနေသည်။ ချင်းပြည်နယ်ရှိ အရပ်သားများမှာ အတင်းအကြပ်နှင်ထုတ်ခံရခြင်း၊ လက် နက်ကြီးဖြင့် စိတ်ထင်တိုင်း ပစ်ခတ်ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရခြင်းနှင့် မြေမြှုပ်မိုင်းကြောင့် အသက်အန္တရာယ် ခြိမ်းခြောက်သည့် ဒဏ်ရာများရရှိကြသည်။ ဒေသခံ အရပ်သားများ မွေးမြူထားသည့် အိမ်မွေး တိရစ္ဆာန်များအား မြန်မာ့တပ်မတော်မှ ခိုးယူ၊ သတ်ဖြတ်မှုများကိုလည်း CHRO က မှတ်တမ်းတင်ထားသည်။[၄၁]

တိုက်ပွဲများ၏ ဆိုးကျိုးသက်ရောက်မှုက အရပ်သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပြီး အတင်းအကြပ်လုပ်အားပေးရန် ပုံမှန်တောင်းဆိုမှုကြောင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန် အနှောင့်အယှက်ဖြစ်စေသည်။ အစမ္မခေါ်ဆောင်သွားခံရနိုင်ခြင်းနှင့် မြေမြှုပ်မိုင်း အန္တရာယ်ကဲ့သို့ အစဉ်မပြတ်ခြိမ်းခြောက်မှုများရှိသောကြောင့်ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းက မိမိတို့ရွာနှင့် ဝေးကွာသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ရသူ လယ်သမားများအား ပို၍ အန္တရာယ် ဖြစ်စေသည်။

လုံခြုံရေးအတွက် မီးဇာစစ်ရှောင်စခန်းတွင် နေထိုင်ကြသူများသည်အသွား-အပြန် ၃ နာရီကြာ ကုလားတန်မြစ်တွင် အန္တရာယ်ကြား စွန့်စား၍ သဲစုဆောင်းပြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် ပြန်ရောင်းချကြရသည်။[၄၂] ညမထွက်ရအမိန့်နှင့် စစ်တပ်မှကင်းလှည့် မှုတို့က အဆိုးစွန်ဆုံး အန္တရာယ်ဖြစ်စေသည်။ CHRO မှ မှတ်တမ်းအရ ၂၀၂၀ ဖေဖော်ဝါရီ ၅ ရက်တွင် အရပ်သားခရီးသည်များ သယ်ဆောင်လာပြီး ပလက်ဝ(ချင်းပြည်နယ်) နှင့် ကျောက်တော် (ရခိုင်ပြည်နယ်) အကြား သွားနေသည့် စက်လှေတစင်းအပစ်ခံရပြီး တဦးသေ၊ နှစ်ဦးဒဏ်ရာရသွားသည်။[၄၃] ခရီးသည်တင်လှေသည် တင်မရွာတွင် တိုက်ခိုက်ခံရပြီး အသက် ၁၅ နှစ်အရွယ် လူငယ်တဦးသေဆုံးပြီး အမျိုးသမီးငယ်နှစ်ဦး ဒဏ်ရာ

41. "IDPs and local communities raise concerns of looting of livestock by Tatmadaw in Paletwa Township," 15 July 2020, CHRO Situation Update https://mailchi.mp/chro.ca/news-releaseidps-raise-concerns-of-looting-by-tatmadaw
42. CHRO News Bulletin
43. "Civilians Stranded as Clashes between Tatmadaw and AA kill one and injure two as Passenger Boat is Fired Upon," 5 February 2020, CHRO Situation Update. https://mailchi.mp/chro.ca/civilians-stranded-in-kyauktaw-town-rakhine-state-ongoing-clashes-restrict-movement-along-kaladan-river

ရသွားသည်။ ညဘက်ခရီးထွက်သည့်အခါ တွေ့မြင်သည်နှင့် ပစ်ခတ်ခံရမည့် အန္တရာယ်နှင့် ကြုံရသည်။

CHRO မှ အုပ်စု ၃ စုခွဲ၍ ရှင်းပြထားရာ (၁) တိုက်ပွဲများကြောင့် တိုက်ရိုက် ထိခိုက်နစ်နာသည့် ရွာသားများ။ (၂) တိုက်ပွဲဖြစ်ပွားရာနှင့် နီးကပ်သည့်ရွာသားများနှင့် တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်၍ထွက်ပြေးလာသည့် စစ်ရှောင်ဒုက္ခသည်များ။ (၃) တိုက်ပွဲကြားပိတ်မိနေသည့် စစ်ရှောင်များနှင့် သွားလာခွင့်ကို တားမြစ်ကန့် သတ်ခံ ရသူများ။[၄၄] ၎င်းတို့အဆိုအရ တိုက်ပွဲကြောင့် စစ်ရှောင်ဒုက္ခသည် ၁၁,၅၀၀ ဦးနှင့် အရပ်သား ၆၀,၀၀၀ ဆိုးကျိုးသက်ရောက်မှုများ ခံကြရသည်။[၄၅]

စစ်ရှောင်ဒုက္ခသည်များအတွက် အကူအညီများ လိုအပ်ပြီး ဒေသတွင်းရှိ ချင်းအဖွဲ့အစည်းများက စားနပ်ရိက္ခာနှင့် အသုံးအဆောင်များ တတ်နိုင်သမျှ ဝေငှပေးကြသည်။ ၂၀၂၀ မတ်လတွင် တိုက်ပွဲများ ပလက်ဝတွင် အပြင်းအထန် ဖြစ်ပွားသည့်အခါ ဒေသခံရွာသား ၂၀၀၀ ကျော် ဆမီးရွာသို့ ထွက်ပြေးခိုလှုံရသည်။[၄၆] ဆမီးရွာ ရှိ စစ်ပြေးဒုက္ခသည်စုစုပေါင်းမှာ ၃,၄၈၆ ဦးရှိပြီး ၁,၈၄၇ ဦးမှာ အမျိုးသမီးနှင့် ၁,၆၃၉ ဦးမှာ အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့မှာ ယာယီခိုလှုံရာ စခန်း ၅ ခုအတွင်း နေထိုင်ကြသည်။[၄၇] လူသားချင်းစာနာသည့် အကူအညီများရယူရန် တင်းကြပ်ထားမှုနှင့် ဝင်ပေါက်များ ပိတ်ထားမှုကြောင့် အကူအညီပေးရေးလုပ်ငန်းများကို အခက်တွေ့စေသည်။ စားနပ်ရိက္ခာများ ပိုမိုလိုအပ်ပြီး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာဆည်းပူးနိုင်ခွင့်တို့ လိုအပ်နေသော်လည်း တိုက်ပွဲများကြောင့် ထိခိုက်ခံနေရသည်။

ပလက်ဝတွင် ၂၀၂၀ မတ်လ ၁၄၊ ၁၅ နှင့် ၁၆ ရက်နေ့များတွင် ဖြစ်ပွားသည့် တိုက်ပွဲအတွင်း တိုက်လေယာဉ်များဖြင့် ဗုံးကြဲသဖြင့် ၂၁ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိသွားသည်။ လေယာဉ်ဖြင့် စိတ်ထင်တိုင်း ဗုံးကြဲတိုက်ခိုက်ခြင်း၊ အရပ်သားများနှင့် အဆောက်အဦးများအပေါ် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် အရပ်သားထိခိုက်သေဆုံးမှုမြင့်တက်လာခြင်းအပေါ် အထူးစိုးရိမ်ကြောင်း CHRO မှ ထုတ်ဖော်ပြောဆိုခဲ့သည်။[၄၈]

မြန်မာ့တပ်မတော်နှင့် AA အကြား တိုက်ပွဲများက မြို့နားတဝိုက်သို့ နီးကပ်လာသည့်အတွက် ၎င်းတို့၏ ကြောက်ရွံ့ထိတ်လန့်မှုကို ပို၍စိုးစေသည်ဟု ပလက်ဝဒေသခံများက CHRO ကို ပြောသည်။ ဧပြီလ ၂၂ ရက် ညနေ ၅ နာရီခန့်တွင် ပလက်ဝမြို့လယ်သို့ လက်နက်ကြီးဖြင့်ပစ်ခတ်ပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် သူနာပြုကျောင်းအကြားတွင် ပေါက်ကွဲခဲ့သည်။[၄၉] ပေါက်ကွဲမှုကြောင့် ဘဏ်ဝန်ထမ်းတဦးဖြစ်သူ ဒေါ်အိသန္တာ၊ ၄ နှစ်အရွယ် သူမ၏သမီး အယ်လိဇဘက် မိုးမိုးအောင်နှင့် ဒေါ်မြတ်လေးနွယ်၏သား ၉ နှစ်အရွယ် မောင် မောင်ဝင်းတို့ သေဆုံးသွားသည်။[၅၀]

44. CHRO News Bulletin
45. CHRO News Bulletin
46. Thousands of Villagers Flee Fighting and Seek Refuge in Samee, 20 March 2020, Burma News International. https://www.bnionline.net/en/news/thousands-villagers-flee-fighting-and-seek-refuge-samee#.Xnhls0pIcjQ.twitter
47. CHRO News Bulletin
48. CHRO Calls for Immediate Ceasefire Between Tatmadaw and Arakan Army (AA) as a Sharp increase in Civilian Death and Casualties Mount in Paletwa Township, Chin State," 16 March 2020, Press Statement, Chin Human Rights Organization https://mailchi.mp/chro.ca/press-statement-urgent-call-for-ceasefire-between-tatmadaw-and-arakan-army-as-sharp-increase-in-civilian-death-and-casualties-takes-place
49. "3 Civilians Die in Cross-fire as Heavy Artillery Hits Paletwa Town Amidst Ongoing Fighting," 22 April 2020, CHRO Situation Update. https://mailchi.mp/chro.ca/news-release-3-dead-as-paletwa-town-is-bombed?e=7ac0b2f30c
50. Ibid

ချင်းပြည်နယ်တောင်ပိုင်းရှိ တိုက်ပွဲများကြောင့် ဒါဇင်နှင့်ချီသည့် အရပ်သားများ သေဆုံးပြီး ပစ်ခတ်သံများ မကြာခန ကြားရကာ ရွာအနီးတဝိုက်တွင်လည်း ပစ်ခတ်ကြသဖြင့် စိုးရိမ်ကြောင့်ကြစွာ နေထိုင်ကြရသည်ဟု CHRO က ပြောသည်။ ဖုန်းလိုင်း မကောင်းခြင်းနှင့် ပေါင်းစပ်လိုက်သည့်အခါ အရပ်သား ပြည်သူတို့မှာ သတင်းအချက်အလက်အခြေအနေမှန်ကို ရရှိရန် အခက်အခဲဖြစ်ကြရသည်။[၅၁] မြန်မာအစိုးရမှ ရခိုင်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်အချို့တွင် တနှစ်ကျော်ကြာ အင်တာနက်ဖြတ်တောက်လိုက်သည့်အခါ သတင်းအချက် အလက်ရရှိမှုမှာ ပို၍အလှမ်းဝေးသွားသည်။

၂၀၂၀ ဇွန်လတွင် တိုက်ပွဲဖြစ်ပွားသည့် ဒေသရှိ အရပ်သားပြည်သူများ ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုး ဖောက်ခံရမှု အခြေအနေတွင် မြန်မာ့တပ်မတော်မှ လမ်းများပိတ်ဆို့ထားသည့်အတွက် အရပ်သားများ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများရရှိရန် အကန့်အသတ်များ ရှိသည်ကို ဖော်ပြထားသည်။[၅၂] ထို့အပြင် ခရီးသွားလာမှုကို ကန့်သတ်ထားသည့်အတွက် ခရီးသွားလာရာတွင် အန္တရာယ်အရမ်းများသည်။ CHRO မှ မှတ်တမ်းတင်ထားသည့် ၂၀၂၀ ဇွန်လတွင် ဖြစ်ပွားသောဖြစ်ရပ်တွင် ပလက်ဝမြို့မှ အသက် ၄၃ နှစ်အရွယ် အမျိုးသားတဦးသည် စစ်ရှောင်စခန်းသို့ ဆန်သွားပို့ရာ မြန်မာ့တပ်မတော်၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည်။[၅၃]

မတရားမှုများ ပုံမှန်ကျူးလွန်သည့် မှတ်တမ်းများရှိနေလင့်ကစား ၂၀၂၀ ဧပြီလ ၂၁ ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးမှ ပလက်ဝမြို့နယ်တွင် ဒေသခံပြည်သူများအတွက် ဆန်များ ပေးဝေထောက်ပံ့နိုင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ထုတ် ပြန်ခဲ့သည်။[၅၄] ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်မှ ရဲရဲဝံ့ဝံ့ မဆုတ်မနစ် တာဝန်ထမ်းဆောင် ကြိုးပမ်းမှုကို ထုတ်ဖော်ချီးကျူးခဲ့သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထုတ်ပြန်ချက် ထွက်ပေါ်လာသည့်နေ့တွင်ပင် ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ စစ်ဆေးထားသည့် နမူနာများ သယ်ဆောင်လာသော WHO ယာဉ်ပတ်ခတ်ခံရပြီး ယာဉ်မောင်း သေဆုံး



COVID–19 ရောဂါပိုး ရှိမရှိ စစ်ဆေးရန် နမူနာ သယ်လာစဉ်ရခိုင်ပြည်နယ်တွင် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သော WHO ဝန်ထမ်း ဦးပြည့်စုံဝင်းမောင် (ဓါတ်ပုံ–ရောဂတီ)

51. "Dozens Of Civilians Killed By Fighting In Southern Chin State," 20 April 2020, Burma News International. https://www.bnionline.net/en/news/dozens-civilians-killed-fighting-southern-chin-state
52. "Tatmadaw Blockade Creates Food Crisis in Ann Township, Rakhine State," 22 June 2020, CHRO Situation Update. https://mailchi.mp/chro.ca/news-release-food-shortages-as-blockade-continues-in-ann-township-rakhine-state?e=3cd-365dea0
53. "IDP Shot Dead by the Tatmadaw as Truck on Aid Mission is Attack in Paletwa Township," 12 June 2020, CHRO Situation Update. https://mailchi.mp/chro.ca/idp-shot-and-killed-by-tatmadaw
54. "Myanmar State Counsellor Office Puts Out Statement," 21 April 2020. https://twitter.com/cape_diamond/status/1252590908895191040/photo/1

သွားသည်။[၅၅] တခြားခရီးသည်မှာ ဒဏ်ရာရသွားပြီး ဆေးကုသခံရသည်။ အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်ပြီး မြန်မာ့တပ်မတော်ဖြစ်စေ AA ဖြစ် စေ မည်သည့်အဖွဲ့ကျူးလွန် ကျူးလွန် ရှုံ့ချကြောင်း လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထုတ်ပြန်ခဲ့သည်။ အကြမ်းဖက်ကျူးလွန်မှုများ တိုးပွားလာသည့်အပေါ် စိုးရိမ်ပြီး အကြမ်းဖက်မှုများကြောင့် ထိခိုက်နစ်နာသူများအား နက်နက်ရှိုင်းရှိုင်း စာနာမိကြောင်း အမေရိကန်ပြည်ထောင်စုမှ ထုတ်ပြန်ခဲ့သည်။[၅၆] လက်နက်ကိုင် အဖွဲ့များအားလုံး အပစ်အခတ်ရပ်စဲရန်၊ ဒေသခံများအား အကာအကွယ်ပေးနိုင်ရန်လိုအပ်သည့် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန်နှင့် ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်လည်း တောင်းဆိုထားသည်။

ဆက်စပ်သည့် ဖြစ်ရပ်တခုမှာ ဧပြီလ ၂၂ ရက်တွင် ပိုးသတ်ဆေးရည်များသယ်ဆောင်လာသည့်ယာဉ်မှာ တိုက်ပွဲကြားပိတ်မိပြီး ယာဉ်မောင်းဖြစ်သူမှာ ဦးခေါင်းတွင် သေနတ်ထိမှန်သေဆုံး၍ အခြားသူများ ဒဏ်ရာရရှိသွားသည်။[၅၇]

မြန်မာ့တပ်မတော်နှင့် AA အကြား စစ်ရေးတင်းမာမှုမှာ ပိုမိုကြီးထွားလာသည်။ အရပ်သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဘဝလုံခြုံ စိတ်ချရေးမှာ အန္တရာယ်များကြားတွင် ရှိနေသည်။ လူသားချင်းစာနာ သည့်အထောက်အကူများအပေါ် ပိတ်ဆို့မှုကြောင့်လည်း အခြေအနေကို ပို၍ဆိုးစေသည်။ ချင်းပြည်နယ်ရှိ အထိခိုက်အလွယ်ဆုံးသူတို့မှာ မဖြစ်မနေ ကိုယ့်အားကိုယ်ကိုးနေရသည်။ လွတ်လပ်သော အာရှအသံ (RFA) သတင်းများအရ ဖေဖော်ဝါရီ ၂၆ မှ ဧပြီလ ၁ ရက်နေ့အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့တွင် အစိုးရတပ်များနှင့် AA တို့အကြား တိုက်ပွဲများကြောင့် အရပ်သား အနည်းဆုံး ၆၃ ဦး သေဆုံးပြီး ၁၆၀ ဒဏ်ရာရရှိသွားသည်။[၅၈]

အရပ်ဖက်အဖွဲ့အစည်းများမှာလည်း အကန့်အသတ်ရှိသည့် အရင်းအမြစ်များနှင့် အခွင့်အလန်းများ ရယူနိုင်သည့်အပေါ် တင်းကြပ်စွာ ထိန်းချုပ်ထားမှုတို့ကြောင့် လိုအပ်သည့်အရာများ ရရှိစေရန်အတွက် အားထုတ်ရုန်းကန်နေကြရသည်။ ထို့အပြင် နိုင်ငံတကာမှ တောင်းဆိုမှုများနှင့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်မှ သက်သေအထောက်အထားများ ရှိနေသော်ငြားလည်း စစ်တပ်မှကျူးလွန်မှုအပေါ် အပြစ်ပေးအရေးယူခံ ရခြင်းမှ ကင်းလွတ်နေမှုမှာ အတောမသတ်များပြားလျှက်ရှိနေသည်။[၅၉]

---

55. "WHO Driver Transporting COVID-19 Swabs Killed as Vehicle Attacked in Western Myanmar," 21 April 2020, The Irrawaddy. https://www.irrawaddy.com/news/driver-transporting-covid-19-swabs-killed-vehicle-attacked-western-myanmar.html
56. "Concern for Growing Violence in Rakhine and Chin States, Burma," Press Statement, Morgan Ortagus, Department Spokesperson https://www.state.gov/concern-for-growing-violence-in-rakhine-and-chin-states-burma/?fbclid=I-wAR1ukipsOW0Nnely0KliL5bpAN7xBZDU23abWzAr9d6EJlShXui3kSqbRyg#.XoVoXGMgHlY.facebookhttps://www.irrawaddy.com/specials/myanmar-covid-19/myanmar-firms-make-face-masks-meet-covid-19-demand.html
57. "Villager Killed, Nine Hurt as Myanmar Military, AA Clash in Rakhine State," 22 April 2020. The Irrawaddy. https://www.irrawaddy.com/news/burma/villager-killed-nine-hurt-myanmar-military-aa-clash-rakhine-state.html
58. "Fighting Kills Five as Violence in Myanmar's Rakhine State Draws US Concern," 2 April 2020, Radio Free Asia. https://www.rfa.org/english/news/myanmar/five-killed-04022020210319.html
59. "Detailed findings of the Independent International Fact-Finding Mission on Myanmar," 16 September 2019, 42nd Human Rights Council. https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/20190916/A_HRC_42_CRP.5.pdf



## ရှမ်းပြည်နယ်

နှစ်အစမှာပင် ND–Burma အဖွဲ့ဝင် TSYU မှ တအာင်းဒေသအတွင်းရှိ အရပ်သား ပြည်သူများအပေါ် မြေမြှုပ်မိုင်းနှင့် စစ်ပွဲအတွင်းအသုံးပြုသည့် လက်နက်များ၏ ဆိုးကျိုးသက်ရောက်မှုအကြောင်း ထုတ်ပြန်ခဲ့သည်။[၆၀] မြေမြှုပ်မိုင်းအသုံးပြုသည့် မြန်မာ့ တပ်မတော် (သို့မဟုတ်) လက်နက်ကိုင်အဖွဲ့အစည်းများအား TSYU မှ ရှုံ့ချကြောင်းလည်း ဖော်ပြထားသည်။[၆၁] ထုတ်ပြန်ချက်တွင် အရပ်သားပြည်သူများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နေစဉ် ဒဏ်ရာရခြင်း (သို့မဟုတ်) သေဆုံးသည့် ဖြစ်ရပ်တချို့ကို ဖော်ပြထားသည်။ ယခုအစီရင်ခံသည့် ကာလအတွင်း အဖွဲ့ဝင်များ၏ မှတ်တမ်းများအရ ရှမ်းပြည်နယ်တွင် မြေမြှုပ်မိုင်းများကို သိသာထင်ရှားစွာ အမြောက်အမြား အသုံးပြုနေကြောင်း တွေ့ရသည်။

Fortify Rights မှ ထုတ်ပြန်ချက်တွင် မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာ မြေမြှုပ်ပိုင်းရှင်းလင်းရေး စံချိန်စံညွှန်းများကို လိုက်နာရန် တောင်းဆိုထားသည်။ မြေမြှုပ်မိုင်း ရှင်းလင်းရေး တခုတည်းဖြင့်သာ မလုံလောက်ပဲ မြေမြှုပ်မိုင်းလုံးဝ အသုံးမပြုရန်နှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း ND–Burma အဖွဲ့ဝင် TWO မှ ပြောဆိုသည်။[၆၂] TWO မှ ပြောရေးဆိုခွင့်ရှိသူ လွေးချီးစငါး က အရပ်သားများ မိုင်းထိသည့်အခါ ကူညီဆောင်ရွက်ပေးနေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင် ရွက်ရန် အစိုးရအား တိုက်တွန်းပြောဆိုခဲ့သည်။[၆၃]

ဒေသအတွင်းရှိ အခြေအနေကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုနေသည့် လူ့အခွင့်အရေးအဖွဲ့များက ၎င်းတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် အစိုးရအား ကာလကြာရှည်စွာပင် တိုက်တွန်း တောင်းဆိုကြသည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၀ ဇွန်လ ၁၂ ရက်တွင် "အစိုးရအနေဖြင့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ထွက်ပြေးရသည့် ပြည်သူများ ပြန်လည်နေရာချထားရေးအတွက်တနိုင်ငံလုံးတွင် မိုင်းရှင်းလင်းရေး အဖွဲ့အစည်းနှစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်" ဟု ထုတ်ပြန်ခဲ့သည်။[၆၄] သို့သော်လည်း မည်သည့်အချိန်တွင် ထိုအဖွဲ့အစည်းများ ဖွဲ့စည်းမည်ကို တိတိကျကျ ဖော်ပြထားခြင်းမရှိပေ။[၆၅]

မိုင်းရှင်းလင်းရေးမှာ အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း မိုင်းအန္တရာယ်ဆိုင်ရာ အလုပ်အဖွဲ့ (MRWG) ၏ ၂၀၂၀ အစီရင်ခံစာက ထောက်ပြနေသည်။ အစီရင်ခံစာတွင် မိုင်းပေါက်ကွဲမှုကြောင့် အရပ်သား ၂၀ ကျော် သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကြောင်း ဖော်ပြထားသည်။[၆၆] မိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်တွင် ၅၆% သေဆုံး၊ ဒဏ်ရာရပြီး ကချင်နှင့် ရှမ်းပြည်နယ်တို့က နီးကပ်စွာ နောက်မှ လိုက်လျှက်ရှိသည်။

60. "Landmine Use is Impacting Human Rights in Ta'ang Areas." 31 January 2020, Ta'ang Students and Youth Union Statement, https://www.facebook.com/175246293133923/posts/490179294973953/.
61. Ibid
62. "Myanmar: Abide by International Landmine Clearance Standards," News Release, 25 June 2020. https://www.fortify-rights.org/mya-inv-2020-06-25/
63. Ibid
64. Ibid
65. Ibid
66. "Twenty-Six Killed, Over 100 Injured by Land Mines in Myanmar Since January, Says Report," 18 June 2020. https://www.irrawaddy.com/news/burma/twenty-six-killed-100-injured-land-mines-myanmar-since-january-says-report.html

တိုက်ပွဲဖြစ်ပွားရာဒေသမှ အရပ်သားများမှာ အန္တရာယ်အရမ်းများသည့် အနေအထားတွင် ရှိနေသည်။[၆၇] ၂၀၂၀ ဇန်နဝါရီမှ မေလအထိ မိုင်းပေါက်ကွဲမှုကြောင့် ၂၆ ဦးသေဆုံးပြီး ၁၀၄ ဦး ဒဏ်ရာရသွားသည်။[၆၈]

အရပ်သားများမှာ ၎င်းတို့အသက်ရှင် နေထိုင်နိုင်ရေးအတွက် နေ့စဉ်အလုပ်သွား လုပ်ရာမှ မိုင်းကြောင့် သေဆုံးကြရသည်။ အထူးသဖြင့်လယ်သမားများမှာ တိုက်ပွဲဖြစ်ပွား ရာနေရာကို ဖြတ်၍ လယ်ယာလုပ်ငန်းသို့ သွားရောက်ကြရသဖြင့် အန္တရာယ်ပိုကြီးသည် ။ရှမ်းပြည်နယ်ရှိ ဝေးလံခေါင်သီသည့် ဒေသများနှင့် မကျွမ်းဝင်သည့် ဒေသခံပြည်သူများ မှာလည်း မြန်မာ့တပ်မတော်အတွက် ပေါ်တာအဖြစ် မကြာခန အတင်းအကြပ် စေခိုင်းခံရ သည်။



သတ်ဖြတ်ခြင်းခံရသော မိုင်းအိုက်စိုး၏ပုံ (TSYU)

TWO မှ မှတ်တမ်းအရ ၂၀၂၀ မတ်လ ၁၅ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ကျောက် မြန်းကျေးရွာမှ ရွာသား ၁၅ ဦး အား တမခ ၉၉၊ ၈၈ နှင့် ၅၅ တို့ မှ ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ၎င်းတို့ ထဲမှ ၄ ဦးမှာ ဒဏ်ရာအပြင်းအထန်ရသွား သည်။ ရွာသားတဦးက သူနှင့် သူငယ်ချင်းဖြစ်သူမှာ တပ်မတော်စစ် ကြောင်း ရွာတွင်းသို့ ဝင်လာသည့်အချိန်တွင် အိမ်ဆောက်နေကြောင်း၊ သူ၏ ခေါင်းအား သေနတ်ဖြင့်ချိန်ပြီး တခြားရွာသားများနှင့်အတူ ဖမ်းထားခံရကြောင်းပြောသည်။ သူကပင်ဆက်ပြီး “ကျနော် တို့ မြေကြီးပေါ် မှောက်နေရပြီး မျက်နှာတွေကို ထိုးကြိတ်၊ ကန်ကျောက်တယ်။ အိမ်တွေ ကိုလည်းရှာပြီး ပိုက်ဆံတွေယူသွားတယ်” ဟု ပြောသည်။

67. Ibid
68. Ibid

ထို့နောက် ရွာသားများမှာ ပန်ဆတ်နှင့် ကျောက်မြန်းရွာအကြား ပေါ်တာအဖြစ် အတင်းအဓမ္မ စေခိုင်းခံရ သည်။ ကားမောင်းလာသည့် မိုင်အိုက်စင် ကိုတွေ့သည့်အတွက် စစ်သားများက ၎င်းတို့ပစ္စည်းများအား သူ့ ကားဖြင့် လိုက်ပို့ခိုင်းသည်။ ဖမ်းဆီးခံရသည့် မိုင်အိုက်ယိုင်မှ “သူတို့ ကျနော့်ကိုရိုက်တာ သတိလစ်သွားတဲ့အထိပဲ၊ ကျနော် သတိပြန်ရတဲ့အချိန် ထပ်ရိုက်ပြန်တယ်”ဟု ပြောသည်။ ရွာသားများအား ည ၇ နာရီခန့်တွင် ပြန်လွှတ်ပေးခဲ့သည်။

ဖမ်းဆီးခံရသော ရွာသားများမှာ အိုက်ယိုင်(၁)၊ အိုင်ယိုင်(၂)၊ အိုက်ဆမ်(၁)၊ အိုက်ဆမ်(၂)၊ အိုက်ဆမ်(၃)၊ မိုင်းအိုက်လှ၊ မိုင်းအိုက်ဆွေ၊ မိုင်းအိုက်လုတ်၊ မိုင်းအိုက်လုမ်၊ လွေးအေ၊ လွေးအိုင်၊ မိုင်းအောင်ခမ်း၊ မိုင်းအိုက်ညီ၊ မိုင်းအိုက်ညီဆမ်နှင့် တာအိုက်စေင် တို့ဖြစ်ပါသည်။ ရွာတွင် ဖမ်းခံရသော ရွာသား (၁၅)ဦး နှင့် လမ်းတွင်ကားဆရာတစ်ဦး အပါအဝင် စုစုပေါင်း (၁၆)ဦး ဖြစ်ပါသည်

ND–Burma ၏ မကြာသေးမီက အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်က မြေမြှုပ်မိုင်းအသုံးပြု မှု တားဆီးပိတ်ပင်ရေး လှုပ်ရှားမှုကို အစပျိုးဆောင်ရွက်ခဲ့သော်လည်း မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ် ပင်ရေးစာချုပ်ကို လက်မှတ်မရေးထိုးခြင်းမရှိဟု ဖော်ပြခဲ့သည်။ မြန်မာ့တပ်မတော်နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် EAOs များအနေဖြင့် မြေမြှုပ်မိုင်း ရှင်းလင်းရေး လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်သည်။[၆၉]

RCSS–SSA, TNLA နှင့် မြန်မာ့တပ်မတော်တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် နမ့်ခမ်း၊ နမ့်ဆန်၊ ကွတ်ခိုင်၊ မိုးမိတ်၊ လားရှိုး၊ ကျောက်မဲ၊ မူဆယ်နှင့် မန်တုံမြို့နယ်တို့ရှိ ပြည်သူလူထုအား ကြောက်ရွံ့မှုနှင့် မတည်မငြိမ်ဖြစ်စေသည်။[၇၀] TSYU နှင့် TWO တို့၏ မှတ်တမ်းများအရ တိုက်ပွဲများကြောင့် ထိခိုက်နစ်နာသူ များစုမှာ လူငယ်၊ သံဃာတော်များနှင့် ကလေးသူငယ် စသည့် ရွာသားများဖြစ်ကြသည်။ ရှမ်းပြည်မြောက်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ၃၁ ခုကို တအာင်းလူ့အခွင့် အရေးအဖွဲ့ ၂ ဖွဲ့မှ မှတ်တမ်းတင်နိုင်ပြီး ၄ ခုမှာ ဆွေးနွေးညှိနှိုင်းပြီးနောက် ပေးအပ်သည့် လျော်ကြေးပေးမှုများ ပါဝင်သည်။[၇၁]

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်ကို အမဲရောင်နယ်မြေသတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆို သော် TNLA, RCSS–SSA, SSPP–SSA နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည့်အတွက် ဖြစ်သည်။ ကျောက်မဲတွင်ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ စိုးရိမ်စရာဖြစ်ပြီး များသောအားဖြင့် တာဝန်ယူ၊ တာဝန်ခံမှုလည်း  မရှိပေ။ ကျောက်မဲမြို့နယ် ချောင်းချောက်အုပ်စု ဖလိန်းကျေးရွာနေ အသက် (၅၇)ရှိ ဒေါ်အေးယိင်းနှင့် အသက်(၅၃)ရှိ ယာအေးထွေးတို့နှစ်ဦး  လက်ဖက်ခြံတွင် အလုပ်လုပ်နေစဉ် အမည်မသိ လူသတ်သမားများမှ ၂၀၂၀၊ မေလ ၁၈ ရက်နေ့တွင် ရက်ရက် စက်စက် သတ်ဖြတ်သွားကြသည်။[၇၂]

69. Myanmar: Abide by International Landmine Clearance Standards," News Release, 25 June 2020. https://www.fortify-rights.org/mya-inv-2020-06-25/
70. TSYU, TWO News Bulletin
71. Ibid
72. TSYU News Bulletin

အဆိုပါ သတ်ဖြတ်မှုနှင့် ပတ်သက်ပြီး ကျောက်မဲရဲစခန်းမှ လာရောက်ပြီး အမှုစွဲဆို၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။ ဒေါ်အေးယိင်း၏ ညာဖက်နားရွက်၊ ညာဖက်မျက်လုံး၊ ဦးခေါင်းနှင့် နောက်ကျောတွင် ပြတ်ရှဒဏ်ရာများတွေ့ရသည်။ ဒေါ်အေးထွေးတွင်လည်း အလားတူပင် နောက်ကျောနှင့် ဦးခေါင်း၏ ဘယ်ဘက်ခြမ်းတွင် ဒဏ်ရာများတွေ့ရသည်။ လက်ဖက်ခြံထဲတွင်အသတ်ခံရသူများအတွက် တရားမျှတမှုရရှိရန်တအာင်းလူ့အခွင့်အရေးအဖွဲ့အစည်းများဖြစ်သည့် TWOနှင့် TSYU တို့က တောင်းဆိုထားသည်။[၇၃] အာဏာပိုင်တို့ဘက်မှ ပွင့်လင်းမြင်သာသည့် စုံစမ်းစစ်ဆေးမှုရှိမှသာ ကျူးလွန်သူအားတာဝန်ယူ တာဝန်ခံခိုင်းနိုင်မည်ဖြစ်သည်။

ဇွန်လအတွင်း မြန်မာ့တပ်မတော်မှ အင်အား ၈၀၀ ကျော် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တပ်စွဲလာသဖြင့် ထိုင်း–မြန်မာနယ်စပ်တွင် ရှိနေသည့် စစ်ရှောင်များ၏ လုံခြုံမှုကို ခြိမ်းခြောက်နေသည်။[၇၄] လူ့အခွင့်အရေး ချိုးဖောက်မှုများ ဇူလိုင်လတွင်လည်း ပုံမှန်ဆိုသလို ဖြစ်ပွားနေသည်။ မြန်မာ့တပ်မတော်မှ စိတ်ထင်တိုင်း ပစ်ခတ်သဖြင့် ရှမ်းပြည်မြောက်ပိုင်း၊ ပန်းခန်ရွာမှ အမျိုးသားတဦး သေဆုံးပြီး အမျိုးသမီးတဦး ဒဏ်ရာ ရသွားသည်။[၇၅] တိုက်ပွဲများနှင့် အရပ်သားများအပေါ် ပစ်မှတ်ထားနေသည့်အပေါ် ဒေသခံပြည်သူ လူထု၊ ရှမ်း လူ့အခွင့်အရေးမဏ္ဍိုင်အဖွဲ့ (SHRF) နှင့် TWO, TSYU ကဲ့သို့ ND–Burma အဖွဲ့ဝင်များက ကြွ့ကြွ့ခံ ခုခံ၊ ထောက်ပြ အရေးဆိုနေကြသည်။



## ကချင်ပြည်နယ်

စစ်ရှောင်များမှ ၎င်းတို့ လက်လွှတ်ထားရသည့်မြေများ ပြန်မရမည်ကို ပူပန်နေခြင်းအပေါ် အရပ်ဖက်အဖွဲ့အစည်းများမှ စိုးရိမ်နေလင့်ကစား ၂၀၂၀ ဇန်နဝါရီလတွင် အစိုးရမှ ကချင်စစ်ရှောင်များအား ပြန်လည်နေရာချ ထားရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် စစ်ရှောင်စခန်းများ ပိတ်သိမ်းရေး လှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။[၇၆] စခန်းများ ပိတ်သိမ်းမှုကို နိုင်ငံတကာစံချိန်၊ စံညွှန်းများ အတိုင်းလုပ်ဆောင်မည်ဟု အစိုးရတာဝန်ရှိသူများမှ အခိုင်အမာပြောဆိုမှုအပေါ် စစ်ရှောင်များ အတွက် ကူညီပေးနေသည့်အဖွဲ့များက စိုးရိမ်ပူပန်ကြသည်။ ND–Burma အဖွဲ့ဝင် KWAT ၏ မှတ်တမ်းများအရ ကချင်ပြည် နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ တိုက်ပွဲများကြောင့် စစ်ရှောင်စခန်း ၁၇၃ ခုတွင် လူပေါင်း ၁၂၀,၀၀၀ ခိုလှုံနေ ရသည်။[၇၇] ၎င်းစခန်းများထဲမှ စခန်း ၁၇ မှာ တရုတ်နယ်စပ်အနီး ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ထိန်းချုပ်ရာ နယ်မြေတွင် တည်ရှိသည်။[၇၈]

73. Joint Statement by Ta'ang Rights Groups, 22 May 2020 https://www.facebook.com/taangwomenorganization/posts/2755904034681428
74. "Locals Fear Burma Army Troop Expansion in Kutkai Township," 7 July 2020, Shan Herald Agency for News. https://www.bnionline.net/en/news/locals-fear-burma-army-troop-expansion-kutkai-township
75. "Burma Army Fires Artillery Shell Into Kyaukme Village, Killing Civilian," 30 June 2020, Shan Herald Agency for News https://english.shannews.org/archives/21252
76. "Govt Talks Explore Closure of Kachin IDP Camps," Burma News International, 10 January 2020. https://www.bnionline.net/en/news/govt-talks-explore-closure-kachin-idp-camps
77. KWAT News Bulletin
78. Ibid

ကချင်ပြည်နယ်ရှိ စစ်ရှောင်များအတွက် လိုအပ်ချက်များ မဖြည့်ဆည်းပေးနိုင်မှု အပေါ် ၎င်းတို့အတွက် အကူအညီပေးနေသည့် အရပ်ဖက်အဖွဲ့အစည်းများကအစဉ်အမြဲ ပူပန်လျှက်ရှိသည်။ အထူးတလည် ရတက်မအေးရသည့် ကိစ္စမှာ ကျောင်းနေကလေးများ၏ လိုအပ်ချက်ဖြစ်သည်။ စစ်ရှောင်များ၏ ၄၅ % မှာ အသက် ၁၈ နှစ်အောက် ကျောင်းသားအများစုဖြစ်ကြပြီး စာအုပ်၊ ဘောပင်စသည့် ကျောင်းသုံးပစ္စည်းများ မလုံလောက်မှုနှင့် တက္ကသိုလ်ဝင်ခွင့်ရရန်နှင့် တက်ရောက်ရန် အကန့်အသတ်များ ရှိနေခြင်းပင်ဖြစ်သည်။[၇၉]



ကချင်ပြည်နယ်ရှိ မြေမြှုပ်မိုင်းကြောင့် အသက်ရှင်လွတ်မြောက်လာသူတစ်ဦး၏ပုံ
(KWAT)

ကချင်ပြည်နယ်ရှိ စစ်ရှောင်များ အဓိက အခက်အခဲဖြစ်ရခြင်းမှာ ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်း ငွေကြေးထောက်ပံ့မှုများ လမ်းကြောင်းပြောင်းသွား၍ ဖြစ်သည်။[၈၀] ထောက်ပံ့မှုများ ဖြတ်တောက်ခြင်းအပြင် နိုင်ငံတကာ လူသားချင်းစာနာသည့် အထောက်အပံ့များကို မြန်မာအစိုးရက ပိတ်ပင်လိုက်သည့်အတွက် တချို့စခန်းများ ထောက်ပံ့မှု မရရှိတော့ခြင်းပင်ဖြစ်သည်။[၈၁] စစ်ရှောင်များမှာ ၎င်းတို့ရပ်ရွာများသို့ ပြန်လိုသော်လည်း တိုက်ပွဲဖြစ်ပွားခြင်း၊ လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခြင်း သို့မဟုတ် မြေမြှုပ်မိုင်းအန္တရာယ်တို့ကို စိုးရိမ်နေကြသည်မှာ အံ့သြဖွယ်မဟုတ်ပေ။ ကချင်ပြည်နယ်နှင့် တခြားသော တိုင်းရင်းသားဒေသရှိ စစ်ရှောင်ဒုက္ခသည်များအား ၎င်းတို့ရပ်ရွာများသို့ ဆန္ဒအရ လုံခြုံစိတ်ချစွာ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်သည်အထိ နယ်စပ်ကျော်ဖြတ်၍ လုံလောက်သည့် လူသားချင်း စာနာထောက်ထားသောအကူအညီများ ပေးရမည်ဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းတွင် ကချင် ဆရာမလေးနှစ်ဦး ရက်ရက်စက်စက် အဓမ္မပြုကျင့်ခံရပြီး အသတ်ခံရသည်မှာ ၅ နှစ်ကျော်သွားပြီဖြစ်ပြီး ကချင်နှစ်ချင်းအသင်းတော် (KBC) သည် ကျူးလွန်သူများအား တရားစွဲဆို၍ တရားမျှတမှုရှာဖွေရန် သံန္နိဋ္ဌာန်ချထားလျှက်ရှိသည်။[၈၂] "ကျူးလွန်သူတွေ ဆက်လက်လွတ်မြောက်နေတဲ့အ တွက် ကျနော်တို့ နာကျင်ရပါတယ်။ ဒါပေမယ့် ကျနော်တို့ သူတို့ ဘယ်သူတွေဖြစ်တယ်ဆိုတာ မကြာခင် ဖော်ထုတ်နိုင်မှာပါ" ဟု စေတနာ့ဝန်ထမ်း ကချင်ဆရာမလေး နှစ်ဦးဖြစ်ရပ်နှင့် ပတ်သက်

79. Ibid
80. "Myanmar government 'weaponized' denial of aid to ethnic Kachin displaced by conflict: Fortify rights," Refworld, 30 August 2018. https://www.refworld.org/docid/5bb72e15a.html
81. Ibid
82. "Group vows to find Kachin teachers' killers," 21 January 2020, The Myanmar Times. https://www.mmtimes.com/news/group-vows-find-kachin-teachers-killers.html


ပြီး KBC လက် ထောက် အတွင်းရေးမှူး သင်းအုပ်ဆရာတော် လဂမ်ဇီခွမ် က ပြောသည်။ KWAT မှ ကျား–မ အခြေပြု အကြမ်းဖက်မှုများနှင့် စစ်တပ်များတပ်စွဲထားသည့် ဒေသများတွင် တိုက်ပွဲအကြောင်းပြု၍ ဖြစ်ပေါ်လာသည့် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုတို့ကို ဆက်လက်မှတ်တမ်းတင်နေသည်။

တိုက်ပွဲဒေသအတွင်း အဓမ္မပြုကျင့်ခံရသူများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသူများအတွက် တရားမျှတမှုမှာ အနိမ့်ဆုံးအခြေအနေတွင်ရှိနေသည်။ နစ်နာသူများမှာ အကန့်အသတ်ရှိသည့် တရားမျှတမှုလမ်းကြောင်းမှ မကြာခနဆိုသလို သွေဖည်ခံနေရသည်။ အထူးသဖြင့် ကပ်ရောဂါကာလအတွင်း ကျူးလွန်သူများမှာ တာဝန်ခံမှုမှ ရှောင်တိမ်းနေနိုင်ဖွယ်ရှိသည်။ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များသည် ထိုအမှုများအတွက် ကြားနာရန်နှင့် သမာသမတ်ကျသည့် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများအတိုင်းဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာ့တပ်မတော်နှင့် KIA အကြား တိုက်ပွဲများ ခပ်စိတ်စိတ်ဖြစ်လာပြီးနောက် ဇွန်လအတွင်း ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် လေးရက်ကြာ တိုက်ပွဲဖြစ်ပွားသည်[၈၃]။ မြန်မာ့တပ်မတော်မှ ၂၀၂၀ မေလ ၁၀ ရက်နေ့မှ စက်တင်ဘာလကုန် အထိ တဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေငြာသော်လည်း တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခြင်းဖြစ်သည်။

ဖားကန့်ရှိ ကျောက်စိမ်းနှင့် ရွှေမိုင်းများရှိသည့် ဒေသတွင် မြန်မာ့တပ်မတော်မှ တပ်များပိုမိုစေလွှတ် တပ်စွဲထားသည်။ ၂၀၂၀ ဇန်နဝါရီလတွင် နမ့်ခမ်း အခြေစိုက် တမခ ၁၂၃ သည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဒေသခံရွာများသို့ ပစ်ခတ်ခဲ့သည်။[၈၄] မေလအတွင်း မြန်မာ့တပ်မတော်မှ ရွာသားများ၏ ပစ္စည်းဥစ္စာများအား လုယူကာညှဉ်းပန်းနှိပ်စက်ကြသည်။[၈၅] မူဆယ်မြို့နယ်ရှိ ရွာသားအချို့အားလည်း မတရားဖမ်းဆီးခဲ့သေးသည်။ မြေမြှုပ်မိုင်းများနှင့် မြန်မာ့တပ်မတော်မှ တပ်စွဲထားခြင်းကြောင့် ရွာသားများမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ရန် လုံခြုံစိတ်ချရခြင်းမရှိပေ။ မြန်မာ့တပ်မတော်နှင့် KIA, TNLA အပြင် RCSS–SSA သည် NCA လက်မှတ်ရေးထိုးထားသော်လည်း RCSS–SSA နှင့်ပါ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ သည်။

83. “Burma Army and KIA Clash for Four Days Straight in Northern Shan State,” 22 June 2020, Burma News International https://www.bnionline.net/en/news/burma-army-and-kia-clash-four-days-straight-northern-shan-state
84. KWAT News Bulletin
85. Ibid
86. “Karen Women’s Group Calls for Boycott of Companies’ Linked to Burma’s Military,” 27 February 2020, Burma News International. https://www.bnionline.net/en/news/karen-womens-group-calls-boycott-companies-linked-burmas-military



## ကရင်ပြည်နယ်

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့်မြန်မာ့တပ်မတော်အကြား တင်းမာမှုများ မြင့်တက်ခဲ့သည်။ ဒေသခံရွာသားများမှာ စိတ်ထင်တိုင်း ပစ်ခတ်ခံမှု၊ ညှဉ်းပန်းနှိပ်စက်ခံမှု၊ ခြိမ်းခြောက်ခံရမှု၊ မြေမြှုပ်မိုင်းကြောင့် သေဆုံး၊ ဒဏ်ရာရမှုများ ကြုံတွေ့ရသည်။ ကွင်းဆင်းဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများ၏ အဆိုအရ စစ်ရှောင်ဒုက္ခသည်များသည် ဆေးဝါး၊ ခိုလှုံစရာ အမိုးအကာနှင့် ပစ္စည်းများ အရေးပေါ်လိုအပ်နေသည်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသော်လည်း တိုက်ပွဲများ ဖြစ်ပွားနေပြီး စိတ်ထင်တိုင်းပစ်ခတ်နေ၍ ရွာသားများ ထွက်ပြေးနေရသည်။ ဇန်နဝါရီ ၂၉ မှ ဖေဖော်ဝါရီ ၁၁ အထိ မြန်မာ့တပ်မတော်မှ လက်နက်ကြီး ၁၂၆ လုံးကျော်ကို မူသရောရှိ ရွာများအား ပစ်ခတ်ခဲ့သည်။ အပြစ်မဲ့ ပြည်သူများ၏ လယ်ယာ ၄၀ ကျော်ကိုလည်း မီးရှို့ခဲ့သည့်အတွက် မြန်မာစစ်သားများတွင် တာဝန်ရှိသည်။[၈၆]

မူသရောခရိုင်တွင် မြန်မာ့တပ်မတော်၏ အငြင်းပွားဖွယ်ရာ လမ်းပြင်ဆင်မှုကြောင့် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားသည်။ ဖွံ့ဖြိုးရေး စီမံကိန်းများ ရောက်ရှိလာသည့်အခါ စစ်ရှောင်ရွာသားများမှာ KNU နှင့် မြန်မာ့ တပ်မတော်တို့အကြား တိုက်ပွဲများကြောင့် စိတ်ထင်တိုင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခံရမည့် အန္တရာယ်နှင့် ကြုံရပြန်သည်။ မြန်မာ့တပ်မတော် စခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ အလွယ်တကူ ပို့ဆောင်နိုင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ရွာသားများ ငြိမ်းချမ်း၍ ဘေးကင်းလုံခြုံစွာ နေခွင့်ရရေးကို အဆုံးစွန်ဆုံး ထိခိုက်စေပြန်သည်။ လက်နက်ကြီးဖြင့် ပစ်ခတ်မှုနှင့် ထွက်ပြေးရမှုများအကြောင်း ကရင်အရပ်ဖက်အဖွဲ့များက အစီရင်ခံ ထုတ်ပြန်နေသော်လည်း မြန်မာ့တပ်မတော်မှ ပါဝင်ပတ်သတ်ခြင်းမရှိကြောင်း ငြင်းဆိုသည်။[၈၇] KNU မှ မြန်မာ့တပ်မတော်အား လမ်းပြင်ဆင်ခြင်းကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။[၈၈] မြန်မာ့တပ်မတော် ဗိုလ်ချုပ်တဦးမှ မြန်မာ့တပ်မတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း လမ်းဟောင်းတိုးချဲ့ပြုပြင်နေခြင်းအပေါ် အမြော်အမြင်ကြီးသင့်ကြောင်း ပြောဆိုမှုကို KNU မှ ပယ်ချခဲ့သည်။[၈၉]

မတရားပြုလုပ်မှုများကို တုန့်ပြန်သည့်အနေဖြင့် KNU မှ ထုတ်ပြန်ချက်တရပ် ထုတ်ပြန်ရာ မြန်မာ့တပ်မတော်သည် NCA သဘောတူစာချုပ်ကို အခွင့်ကောင်းယူပြီး ကရင်ပြည်နယ်ရှိ တပ်မဟာ ၅ နှင့် ၇ တို့တွင် တပ်အင်အား နှစ်ဆတိုးချဲ့ချထားသည်ဟု ဖော်ပြထားသည်။[၉၀] ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နှစ်ဖက် အပစ်အခတ်ရပ်

87. "Myanmar Military Denies Shelling Villages in Karen State," 11 February 2020, The Irrawaddy. https://www.irrawaddy.com/news/burma/myanmar-military-denies-shelling-villages-karen-state.html
88. "KNU to Myanmar Military: Stop Road Building Until Dispute is Settled," 20 February 2020, The Irrawaddy. https://www.irrawaddy.com/news/burma/knu-myanmar-military-stop-road-building-dispute-settled.html
89. KNU Rejects Myanmar General's Appeal to 'See the Big Picture' 25 February 2020, The Irrawaddy. https://www.irrawaddy.com/news/burma/knu-rejects-myanmar-generals-appeal-see-big-picture.html
90. "KNU: Burma Army Militarization Forces Karen to Flee Villages – Government Used National Ceasefire Agreement to Increase its Troops in Brigades 5 and 7," 2 June 2020, Karen News, http://karennews.org/2020/06/knu-burma-army-militarization-forces-karen-to-flee-villages-government-used-national-ceasefire-agreement-to-increase-its-troops-in-brigades-5-and-7/?fbclid=IwAR0OHEZ5SAgq8fHT5mH9dsSCzi_6RLCEX1Xf_ihXiNUc4enO9_AY_5Ia5yg

စဲရေး ကြိုတင်သဘောတူစာချုပ်အရ KNU နှင့် မြန်မာ့တပ်မတော်အကြားတပ်များ ရွေ့ပြောင်းသွားလာလျှင် နှစ်ဖက်ကြိုတင်ညှိနှိုင်းရမည်ဟု ပါရှိသည်။

ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်ထား၍ အရပ်သားများ၏ လုံခြုံမှုကို ထိပါးစေသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှုလည်း ယခုကာလအတွင်း ကျဆင်းလျှက်ရှိသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်ရှိ ၅ မြို့နယ်နှင့် ချင်းပြည်နယ်ရှိ ၁ မြို့နယ်တို့အား အင်တာနက် ဖြတ်တောက်ရန် အမိန့်ထုတ်ခဲ့သည့် ဖေဖော်ဝါ ရီလတွင် အဆိုးဆုံးဖြစ်သည်။[၉၁] မြန်မာ့တပ်မတော်မှ ရိုဟင်ဂျာများအား သတ်ဖြတ်ခဲ့သည့် တိကျခိုင်မာသော သက်သေအထောက်အထားများနှင့် အစုအပြုံအလိုက် မြှုပ်နှံထားသည့် နေရာများအတွက် GPS များအား လွှဲပြောင်းပေးမည်ဟု ချက်ခြင်းဆိုသလိုပင် AA မှ ထုတ်ပြန်ခဲ့သည်။[၉၂] ၂၀၁၉ ဇွန်လ ၂၁ ရက်တွင် မြို့နယ် ၉ မြို့နယ်တွင် မိုဘိုင်းအင်တာနက်ဆက်သွယ်မှုကို တင်းကြပ်ခဲ့သည်။ ဆုံးဖြတ်ချက်အပေါ် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့[၉၃]၊ Fortify Rights[၉၄]နှင့် လူ့အခွင့်အရေးကောင်စီမှ ခန့်အပ်ထားသည့် ကျွမ်းကျင်သူများ[၉၅]မှ ချက်ခြင်း အရေးတယူ တုန့်ပြန်ကန့်ကွက်ခဲ့သည်။

တနှစ်ကြာပြီးသည့်နောက် တက်ကြွလှုပ်ရှားသူများက ကမ္ဘာ့အရှည်အကြာဆုံး အင်တာနက်ဖြတ်တောက်မှုကို ရုပ်သိမ်းရန် ဆက်လက်တောင်းဆိုကြသည်။ အထူးသဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း သတင်းအချက်အလက်များ ရရှိရန်လိုအပ် သော်လည်း အစိုးရအနေဖြင့် ထောင်နှင့်ချီသည့် အရပ်သားများအား အင်တာနက်ပြန်သုံးခွင့်ပေးမည့်လက္ခဏာမပြပေ။ မြန်မာ့တပ်မတော်ကလည်း အင်တာနက်ဖြတ်တောက်မှုကိုဆက်လုပ်မည်ဟု ပြောသည်။[၉၆] ဇွန်လတွင် အင်တာနက်ဖြတ်တောက်မှုကို ဆန့်ကျင်သည့် တက်ကြွလှုပ်ရှား သူ ၆ ဦးအား တရားစွဲခဲ့သည်။ ၎င်းတို့အား ဇွန်လ ၂၁ရက်တွင် ဆိုင်းဘုတ်ကိုင် ဆန္ဒပြသည့်အတွက် ထိန်းသိမ်းခဲ့သည်။[၉၇] ဆိုင်းဘုတ်တွင် အင်တာနက်ဖြတ်တောက်ခြင်းသည် ဖြစ်လာနိုင်ဖွယ်ရှိသည့် ရက်စက်မှုများကို ကွယ်ဝှက်ရန် လားဟု မေးခွန်းထုတ်ထားသည်။ ရခိုင် နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ၏ အဆိုအရ ၂၀၁၈ ဇွန်လမှ ၂၀၁၉ မေလအတွင်း အင်တာနက်ဖြတ်တောက်မှုများ မပြုလုပ်မီက တိုက်ပွဲ ၁၂၉ ကြိမ်ဖြစ်ပွားခဲ့သည်။[၉၈] အင်တာနက်ဖြတ်တောက်ပြီး

91. "Internet Ban Reimposed in Five Townships in Western Myanmar," 4 February 2020, The Irrawaddy. https://www.irrawaddy.com/news/burma/internet-ban-reimposed-five-townships-western-myanmar.html
92. "Rejection statement on the accusations against the Arakan Army at the press conference of the Myanmar Army," 3 February 2020. https://twitter.com/matthewfsmith/status/1225098363491635201/photo/1
93. "Myanmar: Lift Internet Restrictions in Rakhine and Chin States," 13 February 2020, Human Rights Watch. https://www.hrw.org/news/2020/02/13/myanmar-lift-internet-restrictions-rakhine-and-chin-states
94. "Myanmar: End Internet Restrictions in Rakhine and Chin States," 13 February 2020, Fortify Rights. https://www.fortifyrights.org/myanmar-end-internet-restrictions-in-rakhine-and-chin-states/
95. "UN experts concerned at surge in civilian casualties in northwest Myanmar after internet shutdown," 18 February 2020, UNOCHA https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25572&LangID=E
96. "Internet Ban in Myanmar's Rakhine And Chin States Will Continue, Military Says," 23 June 2020, Radio Free Asia. https://www.rfa.org/english/news/myanmar/ban-06232020164951.html
97. "Six Activists Charged For Protest Against Internet Ban in Myanmar's Rakhine," 6 June 2020, Radio Free Asia. https://www.rfa.org/english/news/myanmar/activists-charged-06242020154538.html
98. "Number of clashes double after internet shut down," 23 June 2020, Burma News International https://www.bnionline.net/en/news/number-clashes-double-after-internet-shut-down

သည့်နောက် ၂၀၁၉ ဇွန်မှ ၂၀၂၀ မေလအထိ တိုက်ပွဲများနှစ်ဆတက်သွားပြီး ၂၇၃ ကြိမ် ဖြစ်ပွားသည်[၉၉]။ အင်တာနက်ဖြတ်တောက်မှုအပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တိုက်ရိုက် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီ ၄ ခုသည် တိုင်းရင်းသား သတင်းဌာနများမှ အင်တာနက် စာမျက်နှာ ၂၂၁ ခု အား အစိုးရ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် သတင်းအမှားများ ဖြန့်ချိသည်ဟု ဆိုကာ ပိတ်ပစ်ခဲ့သည်[၁၀၀]။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက်ဖြတ်တောက်ခြင်းနှင့် တိုင်းရင်းသားသတင်းဌာန အင်တာနက်စာမျက်နှာများ ပိတ်ပင်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကို အဆုံးစွန်ဆုံးချိုးဖောက်မှုဖြစ်သည်။ အစိုးရမှ ထိုသို့ ထုတ်ပြန်ပြဋ္ဌာန်းခြင်းသည် အရပ်သားများ လုံခြုံရေး ကို ခြိမ်းခြောက်နေပြီး ဒီမိုကရေစီ အခြေခံမှုများနှင့်လည်း ဆန့်ကျင်နေသည်။

ND-Burma အဖွဲ့ဝင်များမှ အင်တာနက်ကို မူလအတိုင်းပြန်ဖွင့်ပေးရန်နှင့် အင်တာနက်ဖြတ်တောက်ထား သည့်ကာလအတွင်း မြန်မာ့တပ်မတော်မှ ကျူးလွန်ချိုးဖောက်မှုများကို တာဝန်ယူ၊ တာဝန်ခံရန်လည်း တောင်းဆိုထားသည်။ လူ့အခွင့်အရေးအဖွဲ့များက ထပ်ကာတလဲလဲ တောင်းဆိုထားသည့် ဆက်သွယ်ရေးဥပဒေ အထူးသဖြင့် ပုဒ်မ ၇၇ အရ ရခိုင်နှင့် ချင်းပြည်နယ်များတွင် တည်ငြိမ်မှုမရှိဟုဆိုကာ အရေးပေါ် အခြေအနေ သတ်မှတ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုများကို ရပ်ဆိုင်းထားနိုင်သည့် ဥပဒေပြင်ဆင်ရေးအား နားထောင်ဖြေရှင်းရမည်ဖြစ်သည်။

နိုင်ငံတကာ ဥပဒေအရ "ဥပဒေအရ စစ်ဆေးသည့် အပိုင်း ၃ ပိုင်း" (three-part legal test [၁၀၁]) အရသာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တင်းကြပ်၍ရပြီး အင်တာနက်ဖြတ်တောက်မှုကို အဆိုပါအကြောင်း ပြချက်ဖြင့်သာ ပြုလုပ်နိုင်သည်။ အများအားဖြင့် ဖြတ်တောက်မှုများသည် အဆိုပါရည်ရွယ်ချက်များအတိုင်း ဖြစ်သည်ကို အောင်မြင်စွာ သက်သေမပြသနိုင်ပေ။ ဆန့်ကျင်ကွဲလွဲစွာပင် မငြိမ်မသက်မှုများပို၍ဖြစ်စေပြီး အင်တာနက်ဖြတ်တောက်မှု ရပ်ဆိုင်းရေး လှုပ်ရှားမှုများတွင် လူအများပါဝင်လာစေရန်တွန်းအားပေးစေသလို ဖြစ်နေသည်။ အစိုးရအနေဖြင့် ရခိုင်နှင့် ချင်းပြည်နယ်တွင် အင်တာနက်ဖြတ်တောက်ခြင်းကို အခိုင်အမာပြောနေသော်လည်း တိုင်းပြည်လုံခြုံရေး၊ ကပ်ရောဂါကာလအတွင်း သတင်းအချက်အလက်ရရှိမှု ကို ပိတ်ပင်တားဆီးခြင်းနှင့် အန္တရာယ် အလွန်များသည့် လုံခြုံရေးအခြေအနေများ တိုးပွားလာစေပြီး လူ့အခွင့်အရေးကိုစိုး ရိမ်ဖွယ် လျစ်လျူရှု၍ ခေတ်မမီတော့သည့် ဥပဒေများအား အသက်ဝင်အောင် အတင်း အကြပ်လိုက်နာစေသလိုဖြစ်နေတော့သည်။

99. Ibid
100. "Blocked websites, internet shutdown, and media arrests undermine free speech in Myanmar," 6 April 2020, Global Voices. https://globalvoices.org/2020/04/06/blocked-websites-internet-shutdown-and-media-arrests-undermine-free-speech-in-myanmar/
101. See Three Part Legal Test: Under international human rights law, some limits on freedom of expression are allowed. Does this mean that any restriction is permitted? Only if it passes the "three-part test" of legality, legitimacy and proportionality. Read more: https://everyoneshallhavetheright.wordpress.com/3-part-test/



# တရားမျှတမှု အခြေအနေ

## သမိုင်းဝင် ICJ ကြားနာပွဲ

၂၀၂၀ ဇန်နဝါရီတွင် နိုင်ငံတကာတရားရုံး (ICJ) မှ မြန်မာနိုင်ငံအနေဖြင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ် ဖြတ်မှုမှ ကာကွယ်တားဆီးရန်အတွက် ရိုဟင်ဂျာ မွတ်စလင်များအား အကြမ်းဖက်မှုမှ အကာကွယ်ပေးသည့် ကြားဖြတ်အစီအမံများချမှတ်ခဲ့သည်[၁၀၂]။ မြန်မာ့တပ်မတော်၏ လုပ်ရပ်အပေါ် ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း အရပ်ဖက်အဖွဲ့အစည်း ၁၀၃ ဖွဲ့က ထုတ်ပြန်ခဲ့သည်။ ICJ မှ ဇန်နဝါရီလကုန်နောက် ပိုင်းတွင် မြန်မာနိုင်ငံအတွက် ကနဦးလျှောက်လဲချက်ပေးမည့်အချိန်ကို သတ်မှတ် ထုတ်ပြန်ပေးခဲ့သည်[၁၀၃]။

ဆုံးဖြတ်ချက်သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) မှ တိုက်ခိုက်မှုအပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေး စိစစ်ရန် အစိုးရမှ ဖွဲ့စည်းပေးလိုက် သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကောင်မရှင် (ICOE) ၏ အရှိုက်အား တိုက်ရိုက် ထိုးနှက်လိုက်သလို ပင် ဖြစ်သည်။ အကျဉ်းချုပ်တွေ့ရှိချက်က မြန်မာ့တရားစီရင်ရေး စနစ်သည် မြန်မာ့တပ်မတော်မှ တာဝန်ယူ တာဝန်ခံမှုကို ရရှိစေရန် စွမ်းဆောင်နိုင်ခြင်းမရှိပဲ ARSA ကိုသာ အပြစ်ပုံချနေသည်ကို ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်လာစေသည်[၁၀၄]။

ဇန်နဝါရီလတွင် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်နှိပ်စက်မှုမှ အကာအကွယ်ပေးရန် ဂျူရီအဖွဲ့မှ ဆုံးဖြတ်ချက်ချပြီးနောက် ၂၀၂၀ မေလ ၂၃ ရက်တွင် မြန်မာအစိုးရဘက်မှ ၎င်းတို့၏ ဆောင်ရွက်မှုကို ပထမအကြိမ်အဖြစ် ICJ သို့ အစီရင်ခံစာ တင်သွင်းသည်။ ကြားဖြတ်အစီအစဉ် ချမှတ်ထားသော်လည်း အကြမ်းဖက်မှုများ ဆက်ရှိနေကြောင်း မြန်မာ ရိုဟင်ဂျာအဖွဲ့ (BROUK) ၏ အစီရင်ခံစာအကျဉ်းချုပ်တွင် ဖော်ပြထားသည်[၁၀၅]။

ကြားဖြတ်အစီအစဉ်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ တုန့်ပြန်မှုများရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UN SC) အဖွဲ့ဝင် ပြင်သစ်၊ အက်စတိုနီးယား၊ ဂျာမဏီ နှင့် ဘယ်ဂျီယမ် စသည့် EU နိုင်ငံများက မြန်မာနိုင်ငံအနေဖြင့် ICJ မှ ချမှတ်ထားသည့် လူမျိုးတုန်းသတ်ဖြတ်မှုကို ကာကွယ်ရန် အ

102. International Court of Justice Orders Myanmar to Prevent Genocide Against the Rohingya," 23 January 2020, The Washington Post. https://www.washingtonpost.com/world/asia_pacific/international-court-of-justice-orders-myanmar-to-prevent-genocide-against-the-rohingya/2020/01/23/ff383ff4-3d29-11ea-afe2-090eb37b60b1_story.html
103. "Fixing of Time-Limits for the Filing of the Initial Pleadings," 28 January 2020, Press Release: International court of Justice. https://progressivevoicemyanmar.org/2020/01/28/fixing-of-time-limits-for-the-filing-of-the-initial-pleadings/
104. "Highlights from the Summary of Myanmar Report on Human Rights Violations in Rakhine," 24 January 2020, The Irrawaddy. https://www.irrawaddy.com/news/burma/highlights-summary-myanmar-report-human-rights-violations-rakhine.html
105. 'A Continuing Genocide' – Myanmar's Failure To Implement The International Court Of Justice Provisional Measures Order, 24 May 2020, Burmese Rohingya Organization UK https://www.brouk.org.uk/a-continuing-genocide-myanmars-failure-to-implement-the-international-court-of-justice-provisional-measures-order/?fbclid=IwAR3tS2GONoWAv_Cg5VWgIaFgoCKdmTRclfr5Jp9u3FazS18bURNSaNTAy8o

ရေးပေါ် လိုအပ်သည့် ခြေလှမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းသည်[၁၀၆]။ မြန်မာနိုင်ငံ အနေဖြင့် ICJ မှ ချမှတ်ထားသည့် လူမျိုးတုန်းသတ်ဖြတ်မှု စာချုပ်နှင့် သက်ဆိုင်သည့် ကြားဖြတ်အစီအစဉ် ၄ ချက်ကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန် ထုတ်ပြန်ချက်ကို UNSC အဖွဲ့ဝင်များမှ စိတ်ပျက်ဖွယ် သဘောတူစွာမချမှတ်နိုင်ခဲ့ပေ[၁၀၇]။ တံခါးပိတ်အစည်းအဝေးတွင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့က ထုတ်ပြန်ချက်ကို ကန့်ကွက်ခဲ့သည်[၁၀၈]။

၂၀၂၀ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပကွန်ရက် (EBN) မှ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေး ရန်နှင့် ဖိနှိပ်သည့် ဥပဒေများအား နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်းပြုပြင်ရန် မြန်မာနိုင်ငံအား တိုက်တွန်းခဲ့သည်[၁၀၉]။ ယခုအစိုးရင်ခံမတိုင်မီကာလ နှင့် ယခုကာလအတွင်း အရပ်သားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ခေတ်မမီတော့သည့် ကိုလိုနီခေတ် ဥပဒေများနှင့် ဖိနှိပ်မှုကြောင့် မြန်မာ့လူ့အခွင့်အရေးမှတ်တမ်းအခြေအနေအပေါ် ဆန်းစစ်မှုများရှိခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လက်တွေ့ဖြစ်နိုင်ရန် အလှမ်းဝေးနေစဉ် ဒေသအများအပြားတွင် လူသားချင်းစာနာသည့် အထောက်အပံ့များ အရေးပေါ်လိုအပ်နေသော်လည်း ဆက်လက်ပိတ်ဆို့ထားမှုများအပေါ် တုန့်ပြန်တောင်းဆိုမှုများရှိသည်။

ဇွန်လတွင် လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာတွင် သံတမန်များ၊ လွတ်လပ်သည့် စောင့်ကြည့်လေ့လာသူများနှင့် သတင်းမီဒီယာများအား တားဆီးမှုမလုပ်ပဲ အပြည့်အဝလေ့လာလုပ်ဆောင်ခွင့်ပြုရန် တိုက်တွန်းခဲ့သည်[၁၁၀]။ တိုင်းပြည်အနာဂတ် အရေးအရာများအတွက် စိုးရိမ်သည့်လေသံဖြင့် မြန်မာနိုင်ငံက အဆိုပါ ဆုံးဖြတ်ချက်ကို ပယ်ချခဲ့သည်။

106. "EU states urge justice in Myanmar at UN Security Council," 5 February 2020, Frontier Myanmar. https://www.frontiermyanmar.net/en/eu-states-urge-justice-in-myanmar-at-un-security-council/
107. "UN Security Council Fails to Agree on Statement Urging Myanmar to Follow ICJ Measures in Genocide Case," 5 February 2020, The Irrawaddy. https://www.irrawaddy.com/news/burma/un-security-council-fails-agree-statement-urging-myanmar-follow-icj-measures-genocide-case.html
108. Ibid
109. "Statement by Members of the European Burma Network,"18 March 2020, Burma Campaign UK https://burmacampaign.org.uk/statement-by-members-of-the-european-burma-network/
110. "UN adopts resolution on human rights in Myanmar," 23 June 2020, UCA News https://www.ucanews.com/news/un-adopts-resolution-on-human-rights-in-myanmar/88503

CASE STUDIES

# ဖြစ်ရပ်မှန်များ

## ဖြစ်ရပ် ၁။ မြန်မာ့တပ်မတော်အတွက် ပေါ်တာအဖြစ် စေခိုင်းခံရသည့် ရွာသားများ ဒဏ်ရာရရှိ (TWO)

တအာင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ကောင်းကလောင်းအုပ်စု ငွေ့ါစဗစ်ကျေးရွာသား ၂ ဦးသည် ၂၀၂၀ ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ့တပ်မတော် တပ်မ (၈၈)၏ လမ်းပြအဖြစ် လိုက်သွားရာ မိုင်းပေါက်ကွဲမှုဖြစ်ပြီး ဒဏ်ရာရရှိခဲ့သည်။

တပ်မ (၈၈) မှ ငွေ့ါစဗစ်ကျေးရွာသို့ ရောက်လာပြီး ၎င်းတို့ စစ်ကြောင်းကို လမ်းပြအဖြစ် ပို့ပေးရန် ရွာသား ၂ ဦးအား ကျေးရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံ တောင်းဆိုခဲ့သည်။ သို့သော် ၂ ဦးကို ချက်ချင်း ပြန်မလွှတ်ပေးဘဲ ဆက်လက်ခေါ်သွားရာမှ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကျောက်လုံးကြီးနှင့် စိန်စိကျေးရွာအကြား မိုင်းပေါက်ကွဲမှုဖြစ်ပြီး ရွာသားတစ်ဦးထိခိုက်ခဲ့သည်။

ဒဏ်ရာရရှိသူ ရွာသားအား ကူညီပေးသူတစ်ဦးမှ

*"သူတို့နှစ်ယောက်ကို လမ်းပြအနေနဲ့ ခဏလေးပဲ ခေါ်သွားမယ်ဆိုပြီး ပြောသွားတယ်။ ဒါပေမဲ့ နှစ်ရက်နဲ့ တစ်ည သွားခဲ့ရတယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း မမြင်ရဘူး။ စစ်သားတွေကြားမှာ ခြားပြီးသွားရတယ်။ အနောက်မှာလိုက်ရတဲ့ ရွာသားတော့ ဘာမှ မဖြစ်ဘူး၊ ဒဏ်ရာရတဲ့သူက အရှေ့ကနေ သွားတဲ့တစ်ယောက်ပဲ။ ဒဏ်ရာရတဲ့ တစ်ယောက်ကို ကျတော်တို့က စိန်စိရွာအထိ သွားကြိုပေးရတယ်"*

ဟုပြောသည်။

## ဖြစ်ရပ် ၂။ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားနေသည့် အရပ်သားများမိုင်းထိ၍ ဒဏ်ရာရ (TWO)

၂၀၂၀ ဇန်နဝါရီ၊ ၆ ရက် ညနေ၅ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် ကွမ်းစလန်းအုပ်စု ပန်လော့ကျေးရွာသားနှစ်ဦးဖြစ်သူ မိုင်းအိုက်လူနှင့် မိုင်းအိုက်ဟိန်းတို့သည် မိုင်းငွေ့ါမြို့နယ်ခွဲမှ အပြန်လမ်း တွင် မိုင်းနင်းမိပြီး ဒဏ်ရာအသီးသီးရရှိကာ အိုမ်တမာဝ်လူမှုကူညီရေးအသင်း၏ အကူအညီဖြင့် လားရှိုးဆေးရုံနှင့် ကျောက်မဲဆေးရုံတို့တွင် ဆေးကုသမှုခံယူနေရသည်။

ကာယကံရှင်ဖြစ်သူ မိုင်းအိုက်လူမှ

*"ကျနော်နဲ့ သူငယ်ချင်းက မိုင်းငွေ့ါဈေးမှာ လက်ဖက်ခြံရမ်းတဲ့စက် သွားဝယ်ပြီးအပြန် နမ့်တွေရွာအောက်နားရောက်တဲ့အခါမှာ ဆိုင်ကယ်နဲ့ မိုင်းသွားတိုက်မိတယ်။ လမ်းမှာ ဘယ်*

*သူမှလဲ မရှိဘူး။ ကျနော်တို့နှစ်ယောက်ပဲ တစ်ယောက်နဲ့ တစ်ယောက်တွဲပြီး လမ်းလျှောက်လိုက်၊ ထိုင်လိုက်လုပ်နေရတယ်။ ည ၇ နာရီလောက်ရောက်တဲ့အချိန်မှာ တအာင်းအဖွဲ့က ဆေးဆရာဝန်က ကျနော် တို့ နှစ်ယောက်ကိုတွေ့လို့ နမ့်တွေရွာကို ခေါ်သွားတယ်။ ဆေးတွေထည့် ပေးတယ်၊ ပတ်တီးစီးပေးခဲ့တယ်”*

ဟုပြောသည်။

အသက် ၃၂ ရှိ မိုင်းအိုက်လူသည် ဘယ်ဘက်ပေါင်၊ ခါးရိုး၊ ညာဘက် တံတောင်ဆစ်တို့တွင် ဒဏ်ရာပြင်းထန် စွာ ရရှိသောကြောင့် ၇ ရက်နေ့တွင် ကျောက်မဲဆေးရုံမှ လားရှိုးဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူပြီး။ အသက် ၂၆ ရှိ မိုင်းအိုက်ဟိန်းသည်လည်း ခြေသလုံး နှစ်ဖက်စလုံးတွင် ဒဏ်ရာရရှိကာ ကျောက်မဲဆေးရုံတွင် ဆေးကုသမှု ခံယူနေရဆဲဖြစ်သည်။

## ဖြစ်ရပ် ၃။ မြန်မာ့တပ်မတော်မှ ရွာသားများအား ပစ်ခတ်၊ ညှဉ်းပန်းနှိပ်စက် (TSYU)

၂၀၂၀ ဧပြီလ ၂၄ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင် မိုင်းယော်တိုက်နယ် ပန်သပြေ ကျေးရွာအုပ်စု လွယ်ဟိုဆိုရ် ကျေးရွာနေ ဦးအိုက်ဏာ နှင့် ဒေါ်အေးကြာတို့၏သား မိုင်းအိုက်ဆွေ အသက်(၂၇) နှစ်သည် သူ၏တောင်ယာအနီးတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။



မိုင်းယောင်းတွင်ပစ်သတ်ခံရသော မိုင်းအိုက်ဆွေ၏ပုံ (TSYU)

မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် မြန်မာ့ တပ်မတော်တို့သည် လွယ်ဟိုဆိုရ်ရွာနှင့် တင်ချိုကျေးရွာအကြား နေ့လည် ၁ နာရီ ဝန်းကျင်တွင် ထိပ်တိုက်တွေ့ပြီး နာရီဝက်ကြာပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ ပစ်ခတ်ပြီးနောက် ကိုးကန့်တပ်မတော် (MNDAA) က တင်ချိုရွာဘက်သို့ နောက်ဆုတ်သွားခဲ့သည်။ မြန်မာ့တပ်မတော်က တိုက်ပွဲဖြစ်ပွားသောနေရာမှာပင် ၃ ရက်တိတိ စခန်းချပြီးနေထိုင်ခဲ့သည်။ မိုင်းအိုက်ဆွေ၏ အလောင်းအားလည်း ထိုနေရာမှာပင် တူးဖော်တွေ့ရှိခဲ့သည်။ မိုင်းယော်တိုက်နယ်သည် TNLA, SSPP(SSA), MNDAA, မြန်မာ့တပ်တော်နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ လှုပ်ရှားသော နယ်မြေဒေသ တစ်ခုဖြစ်သည်။

တိုက်ပွဲအတွင်း ထွက်ပြေးရသော အမျိုးသမီးတစ်ဦးက

*"ကျမတို့ နေ့လည်ပိုင်း ထမင်းစားအပြီးမှာ သေနတ် သံတွေကြားတော့ မိုင်းအိုက်ဆွေက ကျမတို့ခြံဘက်ပြေးလာတယ်။ ကျမကိုလည်း ပြေးဖို့ လှမ်းအော်ပြီး သူအရင်ပြေးသွားတယ်။ သူနဲ့ကျမက ပြေးတာကွာတယ်။ ကျမက ကလေး ၂ ယောက်နဲ့ပြေးရတယ်။ ကလေးတစ်ယောက်က ကျောမှာ ချည်ထားတယ်။ နောက်တစ်ယောက်က လက်ဆွဲပြီးပြေးတယ်။ ကျမတို့က ခြံတခုထဲ သွားပုန်းတယ်။ မိုင်းအိုက်ဆွေကတော့ တင်ချိုရွာဘက်ကို ပြေးသွားတယ်။ သေနတ်သံငြိမ်လို့ ကျမက ပန်ကင်အွမ်ရွာဘက်ကို ပြေးသွားလိုက်တယ်။ မိုးချုပ်မှ ကျမက လွယ်ဟိုဆိုရ်ရွာကို ပြန်လာခဲ့တယ်။ ဦးအိုက်ဆွေ သေတဲ့နေရာမှာ တပ်မတော်ပဲရှိတယ် ဆိုတော့ သူတို့ပဲ သတ်မှာပေါ့"* ဟု ပြောသည်။

ရပ်မိရပ်ဖတစ်ဦးက

*"မိုင်းအိုက်ဆွေက သူ့နွားကို ခလောက်ဆွဲဖို့သွားတယ်။ နေ့လည်ထမင်းစားအပြီးမှာ သေနတ်သံတွေကြားတော့ တင်ချိုရွာဘက်ကို ထွက်ပြေးသွားတယ်။ အမျိုးသမီးတစ်ဦးကိုခေါ်ပြီး ပြေးသွားလိုက်တယ်။ သူ့ဆိုင်ကယ်ကို သူ့ခြံမှာ ထားပြီးပြေးသွားတယ်။ သေနတ်သံတိတ်တော့ သူ့ခြံမှာ ဆိုင်ကယ်ယူဖို့ ပြန်လာတယ်။ ပြန်ရောက်တော့ သူ့ဆိုင်ကယ်ဘီး မရှိတော့ဘူး။ စစ်ပွဲမှာ မြန်မာ့တပ်မတော်ဘက်က ၂ ဦးတော့ သေတယ် သူ့ဆိုင်ကယ်ဘီးဖြုတ်ပြီး သူတို့လူကို မီးရှို့လိုက်တယ်။ မိုင်းအိုက်ဆွေလည်း အပစ်ခံရတယ် သူ့အ လောင်းကို သူ့ခြံဘေးမှာပဲ မြှုပ်လိုက်တယ်။ မိုင်းအိုက်ဆွေကို ဘယ်တပ်က သတ်ပစ်လဲဆိုတော့ ကျတော်တို့ မသိဘူး။ သက်သေလည်း မရှိဘူးဆိုတော့လေ။ သို့ပေမယ့် စစ်ပွဲပြီးလို့ MNDAA က တင်ချိုရွာဘက်ကို နောက်ဆုတ်သွားတယ်။ မိုင်းအိုက်ဆွေ သေတဲ့နေရာမှာ တပ်မတော်ပဲရှိတယ်။ သူပြန်မလာတာ ကျတော်တို့သိတယ်။ သွားမရှာရဲဘူး အဲ့နားတစ်ဝိုက်က တပ်မတော်ကရှိထားတယ်။ တပ်မတော်တွေ ပြန်ပြီးမှ ၃ ရက် မြောက်နေ့မှာ သူ့ကိုသွားရှာတွေ့ခဲ့တယ်"*

ဟု ပြောသည်။

## ဖြစ်ရပ် ၄။ TNLA စစ်သားမှ ၎င်း၏ရည်းစားအား စကားများရန်ဖြစ်ပြီး ပစ်သတ် (TSYU)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာ ရပ်ကွက် အမှတ် ၄ တွင် နေထိုင်သော အဖတားယိုင်ကြိမ် နှင့် အမိယားအောင်မိတို့၏ သမီး အသက်၂၆ နှစ်ရှိ မူလတန်းပြဆရာမ လွေးမြမွေးအောင် ကို သူမစာသင်ရာ ကွတ်ခိုင်မြို့၊ ဟွေခုတ်ကျေးရွာတွင် ၂၀၂၀ ဇန်နဝါရီလ ည ၇ နာရီခန့်က သေနတ်ဖြင့် ပစ်သတ်ခံရသည်။ အခင်းဖြစ်ပွားပြီးနောက် သူမ၏ရုပ်အလောင်းကို ကွတ်ခိုင်ရင်ခွဲရုံတွင်စစ်ဆေးရာ ဘယ်ဘက်ပါးတွင် သေနတ် ဒဏ်ရာ ၂ ချက်တွေ့ရှိသည်။

အသတ်ခံရသူနှင့် သူမ၏ ချစ်သူတို့ စကားများကြပြီးနောက် သူမထွက်ပြေးပြီး ပုန်းနေသည့် အိပ်ခန်းထဲတွင် သေနတ်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်သည်။ သူမ၏ ချစ်သူသည် လွေးမြမွေးအောင်၏ သူငယ်ချင်းများအားလည်း သေနတ်ဖြင့် ချိန်ရွယ်ခြိမ်းခြောက်သည့်အတွက် သူငယ်ချင်းများလည်း ကြောက်ရွံ့ထွက်ပြေးသွားသည်။ အသတ်ခံရသူနှင့် သေနတ်ဖြင့်ပစ်သတ်သူတို့မှာ ချစ်သူများဖြစ်ပြီး တခြားအမျိုးသားတဦးမှာ လွေးမြမွေးအောင်အား စိတ်ဝင်စားရာမှ လက်လွတ်မခံလိုသည့် ချစ်သူက ၎င်းနောက်သို့ အတင်းခေါ်ရာ လွေးမြမွေးအောင်မှ ငြင်းဆိုသဖြင့် ပစ်သတ်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု သိရသည်။

ထို့နောက် လွေးမြမွေးအောင်၏ ချစ်သူသည် ဆိုင်ကယ်ဖြင့်ထွက်ပြေးသွားသည်။ လွေးမြေမွေးအောင် သည် ၂၀၁၄ မှစပြီး ဟွေခုတ်ကျေးရွာတွင် ဆရာမအဖြစ် အမှုထမ်းခဲ့သည်။ သူမှ၏ ချစ်သူမှာ TNLA မှ ဖြစ်ပြီး နောက်ပိုင်းတွင် PSLF/TNLA မှ ပြစ်မှုကျူးလွန်သူ မိုင်ဖိုးစိန် (၂၆) နှစ်အား ဖမ်းဆီးမိပြီဟု ကြေငြာခဲ့သည်။ မိုင်ဖိုးစိန်ကိုယ်တိုင် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံပြီးအဖမ်းခံခဲ့သည်။ PSLF/TNLA တရားရေးဌာနမှ ၎င်းအားထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့သည်။

## ဖြစ်ရပ် ၅။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် မိန်းကလေးငယ်တဦး ဒဏ်ရာရ (CHRO)

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်းရှိ ရွာအနီး လက်နက်ကြီး ကျရောက်ပေါက်ပွဲသဖြင့် အမျိုးသမီးငယ် တဦး ဒဏ်ရာ အပြင်းအထန်ရရှိသွားပြီး အမ်းမြို့ဆေးရုံတွင် ကုသနေရသည်။ အမ်းမြို့နယ် ကစုကိုင်ကျေးရွာ အုပ်စု၊ ဂိတ်ချောင်းရွာမှ အသက် ၁၈ နှစ်အရွယ် မစိုးစိုးရီ သည် ၂၀၂၀ မတ်လ ၂ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ညနေစာချက်နေစဉ် ရွာအနီး လက်နက်ကြီး ကျရောက်ပေါက်ကွဲပြီး သူမ၏ ဝမ်းဗိုက်ကို ထိသွားသည်။ ထို့နောက် ဆေးရုံတွင် အရေးပေါ် ဆေးကုသမှုခံယူရသည်။

ရွာသားတဦးမှ

*"မြန်မာ့တပ်မတော်က ရွာအနီးတဝိုက်မှာ မရှိတဲ့အတွက် ဘယ်အဖွဲ့က ပစ်တယ်လို့ အတိအကျ မပြောနိုင်ပါဘူး။ ဒါပေမယ့် မြန်မာ့တပ်မတော် တပ်ဖွဲ့တွေ အမ်းမြို့နယ်ကနေ စစ်ဆင်ရေးလုပ်နေတာ တွေ့နေရတယ်။ ပစ်ခတ်သံတွေလည်း ခန ခနကြားရတယ်"*



လက်နက်ကြီး ကျရောက်ပေါက်ကွဲပြီး ဒေသခံများ ဆေးရုံသို့ရောက်ရှိလာပုံ။
(CHRO)

## ဖြစ်ရပ်မှန် ၆။ ပလက်ဝမြို့နယ်တွင် မြန်မာ့တပ်မတော်မှ ဗုံးကြဲတိုက်ခိုက်သဖြင့် အရပ်သား ၇ ဦးသေဆုံး (CHRO)။

၂၀၂၀ မေ ၇ ရက်တွင် ဗုံးကြဲတိုက်ခိုက်သဖြင့် ပလက်ဝမြို့နယ် ဟာမဒါကျေးရွာအုပ်စု ဟမ်ချောင်းကျေးရွာ အပေါ် မြန်မာ့တပ်မတော်မှ လေယာဉ်ဖြင့် ပစ်မှတ်ထားဗုံးကြဲတိုက်ခိုက်သဖြင့် ရွာသား ၇ ဦး သေဆုံးသွားသည်။ သေဆုံးသွားသူများတွင် ကလေးနှစ်ဦးနှင့် မိခင်တဦးအပြင် နို့စို့ကလေးတဦးပါ ပါဝင်သည်။ နောက်ထပ် ရွာသား ၈ ဦး ဒဏ်ရာရသွားပြီး အိမ် ၈ လုံး မီးလောင်ပြာကျသွားသည်။

## ဖြစ်ရပ်မှန် ၇။ ရမ်းဗြဲတွင် မြန်မာ့တပ်မတော်က ဖမ်းဆီးသွားသော လူငယ် (၁) ဦးအား မိသားစုမှ အဆက်သွယ်မရ (AASYC)

ရခိုင်ပြည်၊ ရမ်းဗြဲမြို့နယ် ကျောက်ဆောက်ကျေးရွာအုပ်စု၊ ကျောက်ဆောက်ကျေးရွာနေကိုဇော်မင်းထွန်း အသက်(၃၁)နှစ်(ဘ) ဦးမောင်စံသိန်း၏ သားဖြစ်သူအား ၂၀၂၀ ဇွန်လ ၂၆ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ၎င်းအလုပ်လုပ်နေသည့် စနဲမြို့မှ နေအိမ်သို့အပြန်တွင် ဆိတ်ဖူးတောင်၌ ယာယီစခန်းချနေထိုင်သည့် မြန်မာ့တပ်မတော်၏တပ်ဖွဲ့တဖွဲ့မှ ဖမ်းဆီးသွားပါသည်။ သူ့အားဖမ်းဆီးသွားပြီးနောက် မည်သည့်သတင်းအစအနမှ မကြား၍ မိသားစုမှာ စိုးရိမ်ပူပန်နေသည်။ သူ့အားဖမ်းဆီးသွားစဉ်က မြန်မာ့တပ်မတော်မှ သူ့မှတ်ပုံတင်အား လာပို့ရန်ပြော၍ မိသားစုဝင်များမှ ဆိတ်ဖူးတောင်သို့ သွားပို့သော်လည်း သူ့အားတွေ့ခွင့်မရပေ။ ဖခင်ဖြစ်သူ ဦးမောင်စံသိန်းမှ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မြန်မာ့လူ့အခွင့်အရေးကော်မရှင်သို့ တိုင်စာပေးပို့ခဲ့သော်လည်း ကော်မရှင်မှ တစုံတရာတုန့်ပြန်မှု မရရှိပေ။

## ဖြစ်ရပ်မှန် ၈။ မြန်မာ့တပ်မတော်မှ အရပ်သားတဦးအား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း (AASYC)

ကျောက်တော်မြို့နယ်၊ ဒက်ဖြူရွာမှ ဦးလှစံမောင်၏သားဖြစ်သူ ဦးသန်းရွှေမောင် (၅၃) နှစ် အပါအဝင် မာလာ ကျေးရွာမှ ဒေါ်မချေ၊ ဦးမဲတုတ်ချေ၊ ဦးသန်းထွန်းမောင်တို့အား ၂၀၂၀၊ မတ်လ ၂၂ ရက်နေ့ ညနေ ၂ နာရီခန့်တွင် မြန်မာစစ်တပ်မှ ဖမ်းဆီး ခေါ်ဆောင်သွား ခဲ့သည်။ မတ်လ ၂၈ ရက်နေ့ နေ့လည် ၁၁ နာရီခန့်တွင် ဦးသန်းရွှေ မောင် အလောင်းနှင့် ကျန် ၃ ဦးအား ရဲစခန်းသို့လာပို့ခဲ့သည်။



ရခိုင်ပြည်၊ ကျောက်တော်မြို့နယ် ဒက်ဖြူရွာမှ (ဘ) ဦးလှစံမောင်၏သား ဦးသန်းရွှေမောင် (၅၃) နှစ်၊ (၂၂.၀၃.၂၀) ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဖမ်းဆီး ခေါ်ဆောင်သွားပြီး (၂၈.၀၃.၂၀)ရက်နေ့တွင် ညှင်းပန်းနှိပ်စက်မှုဒဏ်ကြောင့် သေဆုံးသွားပုံ။ (AASYC)

သေဆုံးသူ ဦးသန်းရွှေမောင်၏ ခန္ဓာကိုယ်တွင် ညှင်းပန်းနှိပ်စက်ထား၍ တကိုယ် လုံးအညို၊ အမဲများဖြစ်နေကြောင်း ဦးသန်းရွှေမောင်၏ ဇနီးဖြစ်သူ ဒေါ်မသန်းနုက ပြော သည်။

# နိဂုံး

မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျူးလွန်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အရေးယူခံရခြင်းမှလည်း ကင်းလွတ်နေကာ တရားဥပဒေစိုးမိုးမှုကိုလည်း လျစ်လျူရှုပစ်ပယ်ထားသည်။ အကာအကွယ်ပေးရေးစနစ် ယန္တယားများမရှိသည့်အတွက် တိုက်ပွဲကြားပိတ်မိသည့် ထောင်နှင့်ချီသော အပြစ်မဲ့အရပ်သားများအပေါ် အကာအကွယ်ပေးရေးကို အရေးတကြီး လုပ်ဆောင်ရန် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းများက အစိုးရအား ခိုင်ခိုင်မာမာ တောင်းဆိုနေကြသည်။

မြေမြှုပ်မိုင်း ရှင်းလင်းရေး လုပ်ငန်းများ မရှိသည့်အတွက် မြေမြှုပ်မိုင်းအပါအဝင် အရပ်သား ထိခိုက်၊ သေဆုံးမှုများကို တားဆီးနိုင်ခြင်းမရှိသေးပေ။ ထို့အပြင် တိုက်ပွဲဖြစ်ပွားသည့်ဒေသများတွင် ကျား/မအခြေပြု အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အမှန်တကယ်ဖြစ်ပျက်မှုထက် နည်းပါးသည့် ဖြစ်ရပ်များသာ အစီရင်ခံမှုရှိသည်။ ထိခိုက်နစ်နာသူများမှာ စိတ်ဒဏ်ရာများရရှိပြီး တိတ်ဆိတ်သွားခြင်း သို့မဟုတ် နစ်နာသူနှင့် မိသားစုများအား တံစိုးလက်ဆောင်ပေး၍ နှုတ်ပိတ်ထားခြင်းမျိုး ဖြစ်စေသည်။ စိတ်ထင်တိုင်း ပစ်ခတ်၊ ဗုံးကြဲခြင်းကြောင့် အရပ်သား ထိခိုက်၊ သေဆုံးမှုများပြားပြီး၊ ထွက်ပြေးလွတ်မြောက်သူများမှာလည်း မည်သည့်အချိန်တွင် လုံခြုံစိတ်ချစွာ အိမ်ပြန်ရမည်ကို မသေချာပေ။

တိုက်ပွဲများကြောင့် ရှောင်ပြေးရသူများအတွက် အခြေခံ ခိုလှုံစရာနှင့် စားနပ်ရိက္ခာများ ပီသဲရိုး အခြေခံမှုနှင့် ကိုက်ညီရန်မှာ အလှမ်းကွာဝေးလျှက်ရှိသည်။ ရင်းနှီးကျွမ်းဝင်ချစ်ခင်ရသူများနှင့် ဝေးကွာနေရသည်မှာလည်း မတရားဖမ်းဆီးမှုနှင့် အကျဉ်းချထိန်းသိမ်းထားခြင်းတို့ကြောင့်ဖြစ်သည်။ အများစုမှာ ထိန်းသိမ်းခံရစဉ် ညှဉ်းနှိပ်စက်၊ သတ်ဖြတ်ခံရခြင်း သို့မဟုတ် နောက်ထပ် သတင်းတစုံတရာ မကြားရတော့ခြင်းများ ကြုံရသည်။

အရပ်သားများအပေါ် တရားစွဲဆိုမှုများတွင်လည်း ချဲ့ကားလွန်းပြီး မြန်မာ့တပ်မတော်နှင့် လုံခြုံရေးအဖွဲ့များမှ ပြဋ္ဌာန်းထားသည့် ခေတ်မမီတော့သော ဥပဒေများသုံး၍ ဆုံးဖြတ်နေသည်။

စစ်တပ် တရားစီရင်ရေးစနစ်မှာလည်း တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ပေးရန် ပျက်ကွက်နေသည်။ အတုအယောင် စုံစမ်းစစ်ဆေးရေးများက ထိခိုက်နစ်နာသူများအတွက် တရားမျှတမှု ဖော်ဆောင်ရန်ထက် တပ်မတော်၏ အဆင့်အတန်း ဂုဏ်သိက္ခာကို ထိန်းသိမ်း အဖတ်ဆယ်ရန်ဖြစ်နေသည်။ ဆက်လက် စုံစမ်းစစ်ဆေးနေမှုများသည်လည်း ဝေ့လည်ကြောင်ပတ်ဖြစ်ကာ တာဝန်ခံ တာဝန်ယူမှုကို အချိန်ဆွဲခြင်းမျိုးဖြင့်သာ အသား ကျနေသည်။ ဥပဒေအရ သက်ရောက်စေရန် တုန့်ပြန်မှုများကို လက်ခံရန်ခက်ခဲသည်။ အစီရင်ခံခြင်းဖြင့် ဖြစ်ပေါ်လာသည့် အန္တရာယ်မှာ ၎င်းတို့ဘဝ လုံခြုံရေးနှင့် စိတ်ဆန္ဒအတွက် ပေးဆပ်မှုဖြစ်သည်။ အမှန်စင်စစ်တွင် တရားမျှတမှုအား စော်ကား၊ အလေးအနက်မထားခြင်းမျိုး မဖြစ်စေရပေ။

ND-Burma အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရှိ တရားရေးစံနစ်အပေါ် အယုံအကြည် နည်းပါးသည်။ ရာထူး ကြီးမားသည့် အာဏာပိုင်များမှာ နိုင်ငံတွင်း တာဝန်ခံမှု ယန္တရားမှ အလွယ်တကူ ရှောင်တိမ်းနိုင်ပြီး ထိခိုက်နစ်နာသူများမှာ ကံဆိုးစွာပင် တရားမျှတမှုရရှိရန် ကြုံတောင့်ကြုံခဲ အခြေအနေတွင်ရှိသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ တာဝန်ရှိကြောင်းတောင်းဆိုမှုကို အရပ်ဖက်အဖွဲ့အစည်းများမှ ကြိုဆိုပြီး အစိုးရအနေဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးမှတ်တမ်းအတွက် ပြင်ပမှ ပါဝင်မှုကို ဝန်လေးနေကြသည်။

အခြေခံအားဖြင့် မြန်မာ့တပ်မတော်သည် တိုက်ပွဲများအတွင်း အရပ်သားများအား အကာအကွယ်ပေးရန် လိုအပ်သည့် ကြိုတင်သတိပေးမှုများအား မပြုလုပ်ပဲ လျစ်လျူရှုကာ ၎င်းတို့လုံခြုံရေးကိုသာ ဦးစားပေး ဆောင်ရွက်နေသည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေ (IHL) ၏ အခြေခံမူများတွင်  အရပ်သားများအပါအဝင် ကာကွယ်စောင့်ရှောက်ပေးရမည့် အမျိုးအစား၊ အုပ်စုများကို ထိခိုက်နစ်နာမှု မရှိ စေရန် မဖြစ်မနေ အထူးကာကွယ်စောင့်ရှောက်ပေးရမည်ဟု ညွှန်းဆိုထားသည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူချက်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများရှိနေသော်လည်း တိုက်ပွဲများအတွင်း အပြစ်မဲ့ပြည်သူများမှာ သတ်ဖြတ်ခံနေရဆဲဖြစ်သည်။

ယခင်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့် ယခုအစီရင်ခံစာအပေါ် အခြေခံ၍ တိုင်းပြည်အတွင်း လူ့အခွင့်အ ရေးချိုးဖောက်မှုများ များပြားလွန်းနေပြီး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ဖြစ်ပွားနေသည့် နောက်ခံအခြေအနေ တွင် အသက်ရှင်သန်ရပ်တည်မှုမှာ ပိုမို၍ ခြိမ်းခြောက်ခံနေရသည်ဟု ND-Burma မှ နိဂုံးချုပ်ပါသည်။

# အကြံပြုချက်များ

## မြန်မာအစိုးရသို့

- လူ့အခွင့်အရေး အဖွဲ့များ၊ လူသားချင်းစာနာမှု အကူအညီပေးနေသည့် အဖွဲ့များနှင့် သတင်းသမားများအား လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခွင့်ပြုရန် နှင့် အထူးသဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအတွင်း အထူးလိုအပ်သည်များနှင့် အသက် ရှင်သန်ရန် အကူအညီများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း လူသိထင်ရှား အသိအမှတ်ပြုရန် နှင့် ထိခိုက်နစ်နာသူများ ဆန္ဒရှိသည့်အတိုင်း ရေရှည်နှင့် လိုအပ်သည့် ပြန်လည်ကုစားပေးလျော်မှု များ ပြုလုပ်ရန်။
- ဥပဒေပြုမှု ပြုပြင်ပြောင်းလဲရေးအတွက် တရားရေးစနစ်ကို နိုင်ငံတကာတာဝန်၊ ဝတ္တရားများနှင့်အ ညီဖြစ်စေရေးအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- အစိုးရ သို့မဟုတ် တပ်မတော်စစ်ဆင်ရေးများနှင့်ပတ်သက်ပြီး ဝေဘန်ထောက်ပြသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ ပြည်သူများနှင့် သတင်းသမားများအား အကာအကွယ်မပေးနိုင်သည့် ဆက်သွယ်ရေးဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် အထူးလိုအပ်သည့်အရာများအား သဘောတူလက်ခံ ဆောင်ရွက်ရန်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးမှုအပေါ် နှိပ်ကွပ်ခံရသူ အများစုဖြစ်သည့် နိုင်ငံရေးအ ကျဉ်းသားများအား အမြန်ဆုံးလွှတ်ပေးရန်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၉ ကို ရုပ်သိမ်းရန်။
- အရပ်သားများအား အကာအကွယ်ပေးရန်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို ကျိုန်းသေစေရေးအတွက် ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်ထားမှုကို ရုပ်သိမ်းရန်။
- ဒေသခံလူထု၏ လိုအပ်ချက်နှင့် လိုလားချက်များအတိုင်း ဆောင်ရွက်ပေးနေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်။

## မြန်မာ့တပ်မတော်သို့

- စစ်ကျင့်ဝတ်စည်းကမ်းများအား နိုင်ငံတကာ လူ့အခွင့်အရေးစံချိန် စံညွှန်းများအတိုင်း လက်ခံကျင့် သုံးရန်နှင့် လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် စစ်သားများအား အရပ်ဖက်တရားရုံး များတွင် တရားစွဲဆိုရန်။
- တိုင်းရင်းသားဒေသများမှ တပ်အင်အားလျှော့ချ၍ တိုက်ပွဲများ အမြန်ဆုံးရပ်စဲပေးရန်၊ သို့မှသာ အရပ်သားများ၏ ဘဝကို ကာကွယ် ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး တန်းတူ၊ ညီမျှ ရေးကို အာမခံမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်။
- အားလုံးပါဝင်သည့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူမှုအတွက် ဆုံးဖြတ်ဆောင်ရွက်ရန်။ သို့မှသာ အနိမ့်ဆုံးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မည်။
- အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ မတရားဖမ်းဆီး ထိန်းသိမ်းခြင်း၊ လယ်ယာမြေ သိမ်းဆည်းခြင်းနှင့်ကျား/မအခြေပြု လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ချက်ခြင်းရပ်ဆိုင်းရန်။
- တိုင်းပြည်အတွင်း မိုင်းရှင်းလင်းရေးအတွက် သဘောတူလက်ခံပြီး အရပ်သားများနေထိုင်သည့် ဒေသများရှိ မိုင်းရှင်းလင်းရေးကို အမြန်ဆုံး စတင်ရန်။
- အကာအကွယ်ပေးခွင့် စံညွှန်းကို လက်ခံပြီး အမျိုးသမီးများ တန်းတူ ကိုယ်စားပြုခွင့် အပါအဝင် အားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်ရန်။
- ပဋိပက္ခများဖြစ်ပွားစေပြီး အတင်းအကြပ် ရွှေ့ပြောင်းမှုများနှင့် အရပ်သားဘဝများ ပျက်စီးစေ သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရပ်တန့်ရန်။
- အသက်ဆုံးရှုံးမှု၊ လူ့ဂုဏ်သိက္ခာနှင့်မလျော်ညီစွာ ရက်စက်စွာပြုမူခြင်းတို့ကို ရှောင်ကြဉ်ပြီး ဂျီနီဗာကွန်ဗန်းရှင်းနှင့်အညီ လူ့အခွင့်အရေးကိစ္စကို ထိန်းသိမ်းဆောင်ရွက်ရန်။


## တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသို့

- မိမိတို့ ထိန်းချုပ်ဒေသနှင့် တခြားလက်နက်ကိုင်အဖွဲ့များနှင့်ပါ အဝင်၊ အထွက်ရှိသည့် နယ်မြေများရှိ အရပ်သားများ၏ အခွင့်အရေးကို ထိန်းသိမ်းဆောင်ရွက်ရန်။
- လူသားချင်းစာနာသည့် စံချိန်စံညွှန်းများကို လေးစားပြီး အရပ်သားများကို အကာအကွယ်ပေးနိုင် မည့် သဘာဝတူချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။
- တိုင်းပြည်အတွင်း မိုင်းရှင်းလင်းရေးအတွက် သဘောတူလက်ခံပြီး အရပ်သားများ နေထိုင်သည့် ဒေသများရှိ မိုင်းရှင်းလင်းရေးကို အမြန်ဆုံး စတင်ရန်။
- ထိခိုက်နစ်နာသူများ ရွေးချယ်သည့် တရားမျှတမှု ယန္တရားအားလေးစားပြီး လူ့အခွင့် အရေးချိုး ဖောက်သည့် တပ်ဖွဲ့ဝင်များအား တာဝန်ခံ၊ တာဝန်ယူမှုရှိစေရေးအတွက် အရေးယူဆောင်ရွက်ရန်။
- လူ့အခွင့်အရေးအဖွဲ့များအား နှိပ်စက်၊ လက်တုန့်ပြန်ခြင်းမရှိပဲ လွတ်လပ်၊ လုံခြုံစွာ မှတ်တမ်း တင်ခွင့်ပြုရန်။


## နိုင်ငံတကာ အသိုင်းအဝိုင်းသို့

- ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၍ စစ်တပ်အား အရပ်သား ဦးဆောင်မှုအောက် တွင် မထားနိုင်သရွေ့ မြန်မာပြည်တွင် ဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီထွန်းကားမည် မဟုတ်သည်ကို သဘောပေါက် ရန်နှင့် အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု များအတွက် ထိရောက်သည့် တရားစီရင်ရေးနှင့် တရားစီရင်ရေးမဟုတ်သည့် အသွင် ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများ ဖွဲ့စည်းဆောင် ရွက်ရန်။
- မြန်မာ့တပ်မတော် ထိပ်ပိုင်းအရာရှိကြီးများ၊ စစ်သားများနှင့် ၎င်းတို့၏ မိသားစုများ အား နိုင်ငံခြားနှင့် ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားစေ ရေးအတွက် ထိရောက်သည့် အရေးယူမှုများ ပြုလုပ်ရန်။
- လူသားချင်းစာနာသည့် အကူအညီများအပေါ် တင်းကြပ်နေမှုများအား ရုပ်သိမ်းပေး ရန် တိုက်တွန်း တောင်းဆိုရန်၊ သို့မှသာ အကူအညီများလိုအပ်သည့် လူ့အသိုင်းအဝိုင်း သို့ ချောချောမောမော၊ လုံခြုံစိတ်ချစွာ စီးဆင်းရောက်ရှိနိုင်မည်။
- လူ့အခွင့်အရေးချိုးဖောက်သူများအား ၎င်းတို့ ကျူးလွန်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှု ရှိလာစေရေးအတွက် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူး ပေါင်းဆောင်ရွက်ရန် မြန်မာအစိုးရအား စည်းရုံးတိုက်တွန်းရန်။


**လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ**
**၂၀၂၀၊ ဇန်နဝါရီလ မှ ဇွန်လ**




**ချိုးဖောက်မှုများ ဖြစ်ပွားသည့် နေရာဒေသများ**
**၂၀၂၀၊ ဇန်နဝါရီလ မှ ဇွန်လ**




**လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်သူများ**
**၂၀၂၀၊ ဇန်နဝါရီလ မှ ဇွန်လ**



Network for Human Rights Documentation - Burma

ND - Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအထိ

# မြန်မာနိုင်ငံ
# လူ့အခွင့်အရေးအပေါ်
# သုံးသပ်ချက်

www.nd-burma.org